# ကြေးမုံ
# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက် ဗုဒ္ဓဟူးနေ့။ Wednesday, 29 April 2026 ၁၂၁၆၃


### ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ အီသီယိုးပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတ မစ္စတာ တေရီ အက်စကီဆီလက်စ်စီထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့

နေပြည်တော် ဧပြီ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ အီသီယိုးပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတ မစ္စတာ တေရီ အက်စကီဆီလက်စ်စီထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

သတင်းစဉ်



ဖြူးမြို့နယ်ရှိ တောင်သူများထံ အရစ်ကျစနစ်ဖြင့် ဖြန့်ဝေပေးမည့် လက်ဆွဲမျိုးစေ့ချကိရိယာများ ရောက်ရှိစဉ်။

## ဖြူးမြို့နယ်၌ လက်ဆွဲမျိုးစေ့ချကိရိယာများ အရစ်ကျငွေပေးချေစနစ်ဖြင့် ဖြန့်ဝေ

ဖြူး ဧပြီ ၂၈

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံကြီးကြပ်၍ စပါးစိုက်ဧရိယာများတွင် လက်ဆွဲမျိုးစေ့ချကိရိယာ အသုံးပြုစိုက်ပျိုးနိုင်ရေး ဖြူးမြို့နယ်ရှိ တောင်သူများထံ လက်ဆွဲမျိုးစေ့ချကိရိယာ ၁၂၈၉ လက်ကို အရစ်ကျစနစ်ဖြင့် ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ဖြူးမြို့နယ်အတွင်း ပထမအကြိမ် လက်ဆွဲမျိုးစေ့ချကိရိယာ ၅၀၇ လက်ကို တစ်လက်လျှင်ငွေကျပ် နှစ်သိန်းဖြင့် အရစ်ကျဖြန့်ဝေပေးခဲ့ပြီး ဒုတိယအကြိမ် ၅၀၇ လက် ထပ်မံရောက်ရှိ၍ စုစုပေါင်း ၁၂၈၉ လက်ခန့် ဖြန့်ဝေသွားမည်ဖြစ်ကြောင်း ဖြူးမြို့နယ်စက်မှုလယ်ယာဦးစီးဌာန အမှတ်(၈၇) စက်မှုလယ်ယာစခန်း မြို့နယ်ဦးစီးမှူး ဦးကိုကိုမောင်ထံမှ သိရသည်။

ဖြူးမြို့နယ်အတွင်း ယခုနှစ် မိုးစပါး၊ နွေစပါးစိုက်ပျိုးရာတွင် လက်ဆွဲမျိုးစေ့ချကိရိယာဖြင့် ၈၇၃၄ ဧကခန့် စိုက်ပျိုးထားနိုင်ကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

## ဆင္ဒသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

နေပြည်တော် ဧပြီ ၂၈

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀) ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာ အခမ်းအနားကို ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူ သိမ်တော်ကြီးတွင် ဧပြီ ၃၀ ရက်မှ မေ ၂ ရက်အထိ သုံးရက်တိုင် ကျင်းပမည်ဖြစ်ရာ ထိုသို့ကျင်းပပုံများကို MRTV Parliament Channel မှ နေ့စဉ် တိုက်ရိုက် (Live)ရိုက်ကူး/ထုတ်လွှင့်ပေးမည်ဖြစ်သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၃၀ ရက် နံနက် ၇ နာရီခွဲမှ စတင်မည်ဖြစ်ရာ MRTV HD, MRTV Parliament Channel၊ MWD HD၊ MWD Variety HD နှင့် အကျိုးတူရုပ်သံလိုင်းများဖြစ်သည့် Readers' Channel၊ Sky Net Buddha Channel၊ Sky Net Up to Date Channel၊ HTV Sports Channel၊ SNDSY ရွှေနဒီရွှေရည် Channel တို့မှလည်းကောင်း၊ မြန်မာ့အသံရေဒီယို၊ ရွှေFM၊ ပတ္တမြားFM၊ ပဒ္မဝတီFM၊ မန္တလေးFM၊ ချယ်ရီFM၊ FMပုဂံ၊ သဇင်FM၊ Star FM တို့မှ လည်းကောင်း တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်ပြီး MRTV Website၊ MRTV App နှင့် Online တို့မှလည်း Live Streaming ထုတ်လွှင့်မည်ဖြစ်သည်။

ထို့ပြင် ဧပြီ ၃၀ ရက် ညပိုင်းတွင် ကျင်းပပြုလုပ်မည့် ဓမ္မသဘင်အခမ်းအနားကို MRTV HD Channel မှ ည ၈ နာရီ သတင်းအပြီးတွင် Delay ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

### ယနေ့ ဖတ်စရာ

**သင်္ဂါယနာသမိုင်း**

ဆောင်းပါး စာမျက်နှာ » ၆



**ကဆုန်လပြည့် ဗုဒ္ဓနေ့နှင့် စိမ်းလန်းစိုပြည်သော ညောင်ရေသွန်းပွဲတော်**

ဆောင်းပါး စာမျက်နှာ » ၁၀




ကြေးမုံ

# စက်သုံးဆီစနစ်တကျဖြန့်ဖြူး နိုင်ငံတော်နှင့် ပြည်သူအဆင်ပြေ

အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပွားနေသော ပဋိပက္ခများကြောင့် ကမ္ဘာ့ရေနံ တင်ပို့မှု၏ ငါးပုံတစ်ပုံခန့် ဖြတ်သန်းသယ်ယူပို့ဆောင်လျက်ရှိသော ဟော်မုဇ် ရေလက်ကြား၌ တင်းမာမှုများနှင့် ပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့ရာ ကမ္ဘာ့ရေနံဈေးနှုန်းများ ဆက်တိုက်မြင့်တက်ခဲ့သည်။ ရေနံစိမ်းဈေးမြင့်တက်မှုနှင့်အတူ စက်သုံးဆီဈေးနှုန်း များလည်း လိုက်ပါမြင့်တက်ခဲ့ရာ မြန်မာနိုင်ငံအပါအဝင် နိုင်ငံအများ၏ စက်သုံးဆီ ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၌ ဂယက်ရိုက်ခတ်မှုများဖြစ်ပေါ်ပြီး အခက်အခဲ များ ကြုံတွေ့ခဲ့ရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်း၌ စက်သုံးဆီပြတ်လပ်မှုမဖြစ်စေရေး ပုံမှန်ညှိနှိုင်း ကြိုးကြပ်ဆောင်ရွက်ခဲ့သည့်အတွက် လိုအပ်သောစက်သုံးဆီများကို စဉ်ဆက်မပြတ် ဖြည့်တင်းနိုင်ခဲ့သည်။ စက်သုံးဆီများကို ပုံမှန်ဖြန့်ဖြူးရောင်းချပေး နိုင်လျက်ရှိသည့်အပြင် စနစ်တကျ စိစစ်သုံးစွဲနိုင်မှုကြောင့် ရက် ၆၀ စာ ဖူလုံမှုရှိသည် အထိ ဖြည့်တင်းသိုလှောင်နိုင်သည့်အခြေအနေသို့ ရောက်ရှိခဲ့သည်။ ထို့အပြင် စက်သုံးဆီဖူလုံမှု အာမခံချက်ရရှိစေရေးအတွက် မိတ်ဆွေနိုင်ငံများနှင့် ညှိနှိုင်း ဆွေးနွေးမှုများဆောင်ရွက်နိုင်ခဲ့ပြီး စက်သုံးဆီများအပြင် အခြားရေနံထွက်ပစ္စည်း များ တင်သွင်းနိုင်ရေးအတွက်လည်း သဘောတူညီမှုများ ရရှိထားသည်။

ကမ္ဘာ့စက်သုံးဆီဈေးနှုန်းများ မြင့်တက်ခဲ့သော်လည်း ပြည်တွင်းစက်သုံးဆီ ဈေးနှုန်း များစွာတက်မသွားစေရေးအတွက် နိုင်ငံတော်အစိုးရက ကြပ်မတ် ထိန်းကျောင်း ဆောင်ရွက်ပေးလျက်ရှိရာ မြန်မာနိုင်ငံ၏ စက်သုံးဆီဈေးနှုန်းများ သည် အရှေ့တောင်အာရှနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်ပါက သင့်တင့်မျှတသော ဈေးနှုန်းများဖြစ်နေသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံ၏စက်သုံးဆီဈေးနှုန်းများသည် ဘရူနိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ထိုင်း၊ ကမ္ဘောဒီးယားနိုင်ငံများထက် ဈေးနှုန်းသက်သာနေသည်ကို တွေ့ရသည်။ ကုန်စည်ပို့ဆောင်ရေးယာဉ်များ နှင့်ပတ်သက်၍ အခွန်အခများ ကင်းလွတ်ခွင့်ပြုထားသဖြင့် တစ်လီတာလျှင် ၅၇၅၂ ကျပ်ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။

မြန်မာနိုင်ငံသည် ရေနံစိမ်းများ အထိုက်အလျောက်ထွက်ရှိပြီး ရေနံချက်စက်ရုံ များလည်းရှိသည်။ ရေနံစိမ်းကိုဝယ်ယူ၍ ကိုယ်တိုင်ချက်လုပ်နိုင်မည်ဆိုပါက ပြည်သူများ စက်သုံးဆီကို ပိုမိုချိုသာသောဈေးနှုန်းဖြင့် ဝယ်ယူခွင့်ရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ရေနံချက်စက်ရုံအသစ်များ တိုးချဲ့ တည်ဆောက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသကဲ့သို့ စက်ရုံအဟောင်းများကိုလည်း အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ရေနံစိမ်းကို လုံလောက်စွာ ထုတ်လုပ်လာနိုင်ပါက ပြည်သူများအနေဖြင့် စက်သုံးဆီနှင့်ပတ်သက်၍ ကြောင့်ကြမှုကင်းဝေးသွားမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းထုတ်စက်သုံးဆီများကို ပြည်သူများထံ တိုက်ရိုက်ဖြန့်ဖြူးပေးသည့်အနေဖြင့် မော်တော်ဆိုင်ကယ်များ၊ သုံးဘီးယာဉ်များနှင့် အချို့မော်တော်ယာဉ်များကို RON 68 ဓာတ်ဆီတစ်ဂါလန်လျှင် ၁၇၂၅၂ ကျပ်ဖြင့် လည်းကောင်း၊ RON 72 ဓာတ်ဆီတစ်ဂါလန်လျှင် ၁၇၇၀၇ ကျပ်ဖြင့်လည်းကောင်း၊ တောင်သူလယ်သမားများအတွက် ဒီဇယ်ဆီတစ်ဂါလန်လျှင် ကျပ် ၁၀၀၀၀ နှုန်းဖြင့် လည်းကောင်း လက်ဝယ်အရောက် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး ဆက်လက်၍ လည်း ရောင်းချပေးသွားရန် စီစဉ်ထားသည်။ လက်ရှိအခြေအနေတွင် ပြည်သူများ အနေဖြင့် ရင့်ကျက်နားလည်မှုရှိသည့်စိတ်၊ ကိုယ်ချင်းစာစိတ်၊ အကောင်းမြင်စိတ် များဖြင့် အကြံဉာဏ်များပေးခြင်း၊ အသိပညာဗဟုသုတများ လူမှုကွန်ရက်ပေါ်မှ မျှဝေပေးခြင်း၊ ပြည်သူလူထု ထိခိုက်နစ်နာစေသည့် အပြုအမူများတွေ့ရှိသည်နှင့် တစ်ပြိုက်နက် Call Center များသို့သတင်းပို့ခြင်း၊ မီဒီယာများအနေဖြင့် ပြည်သူ လူထု ထင်ယောင်ထင်မှား အထိတ်တလန့်ဖြစ်စေမည့် ရေးသားဖြန့်ဝေခြင်းတို့ကို သတိထားဆောင်ရွက်လာကြသည့်အတွက် စက်သုံးဆီဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းစဉ်များသည် ယခုအခါ တည်ငြိမ်လာသည့်အခြေအနေသို့ ရောက်ရှိလာပြီ ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူများအနေဖြင့် စက်သုံးဆီပြတ်လပ်မည်ကို စိုးရိမ်၍ တန်းစီ ဝယ်ယူစုဆောင်းခြင်းမျိုးမပြုလုပ်ကြပါရန်နှင့် သတ်မှတ်ထားသော ရောင်းချမှု စနစ်ဖြင့် ဝယ်ယူကြရန်လိုအပ်ပါသည်။ မိမိတို့ လိုအပ်သလောက်သာ ဝယ်ယူသုံးစွဲ ခြင်းဖြင့် လူတစ်ဦးချင်းစီအတွက် အချိန်ကုန်လူပင်ပန်းမှု သက်သာစေမည့်အပြင် နိုင်ငံတော်၏ နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချလာနိုင်မည်ဖြစ်သည့်အတွက် လျှပ်စစ် နှင့် စွမ်းအင်ဝန်ကြီးဌာန၏ မိဘပြည်သူများအကျိုးကိုရှေးရှု၍ အကောင်အထည်ဖော် နေသည့်လုပ်ငန်းစဉ်များတွင် ပိုမိုပူးပေါင်းပါဝင်ပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်း အပ်ပါကြောင်း။ ။

## (၂၈-၄-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၄.၅ ~ ၃၆၆၅.၇ | ၅၅၇.၇ ~ ၅၅၈.၃ | ၁၂၅.၆ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၃၀,၆၇၈,၁၈၇.၃၈ | ၁၅,၂၃၆,၃၆၃.၇၆ | ၄၂,၃၄၇,၉၆၈.၉၀ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ စက်မှုကုန်ကြမ်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ ဂျုံ ၊ စားသုံးကုန်စည် တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၄.၇၈ သန်းကိုလည်းကောင်း ၊ LNG ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၅ သန်းကိုလည်းကောင်း ၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၁၇ သန်းကို လည်းကောင်း ရောင်းချပေးခဲ့ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေနှင့်အညီ စာအုပ်စာစောင်များပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၅ အုပ် သို့မဟုတ် ၅ စောင်ကို ပြန်ကြားရေး ဝန်ကြီးဌာနသို့ အဖိုးအခလွတ်ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါစာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့်စာအုပ်စာရင်း ၂ အုပ်၊ အမျိုးသားစာပေဆု စိစစ် ရွေးချယ်ရေးကော်မတီသို့ ၂ အုပ်နှင့် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသို့ ၁ အုပ်ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူ သည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၅ အုပ် သို့မဟုတ် ၅ စောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ(၁၁)ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရ မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ စာအုပ်၊ စာစောင်များအား ပြန်ကြားရေး ဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးအပ်နိုင်ပါရန်နှင့် ပျက်ကွက် ပါက ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ၂၈ - ၄ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၈ - ၄ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၃,၀၀၀ | ၁၃,၀၀၀ | ၄၈၇ | ၆,၃၃၁,၀၀၀ |
| MTSH | ၆,၃၀၀ | ၆,၂၀၀ | ၁၁၀ | ၆၈၉,၈၀၀ |
| MCB | ၉,၆၀၀ | ၉,၆၀၀ | ၅ | ၄၈,၀၀၀ |
| FPB | ၄,၀၀၀ | ၄,၀၀၀ | ၄၂၄ | ၁,၆၉၆,၀၀၀ |
| TMH | ၃,၀၅၀ | ၃,၁၀၀ | ၁၂ | ၃၇,၀၀၀ |
| EFR | ၁,၈၅၀ | ၁,၈၅၀ | ၆,၀၂၀ | ၁၀,၈၃၇,၀၀၀ |
| AMATA | ၃,၉၅၀ | ၃,၉၅၀ | ၃ | ၁၁,၈၅၀ |
| MAEX | ၃,၉၅၀ | ၄,၀၀၀ | ၃,၈၂၂ | ၁၅,၂၃၆,၉၀၀ |
| MADPL(PLB) | ၃,၄၀၀ | ၃,၄၀၀ | ၁၀ | ၃၄,၀၀၀ |
| ASPGB(PLB) | ၃၈,၅၀၀ | ၃၈,၅၀၀ | ၃၈၀ | ၁၄,၆၃၀,၀၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**စာတည်းမှူး** - အေးဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း/အမှုထမ်းများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် ဧပြီ ၂၈**

ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများအား ပြည်ထောင်စုဝန်ကြီးက တွေ့ဆုံအမှာစကားပြောကြားသည့် အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန စတုရင်္ဂဗလခန်းမ၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၊ ဒုတိယဝန်ကြီးများဖြစ်သော ဦးကိုကိုကျော်နှင့် ဦးနိုင်မင်းကျော်၊ သံအမတ်ကြီးများ၊ ဦးစီးဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် ပြည်ပသို့ သွားရောက်တာဝန် ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများ ပါဝင်တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက ပြည်ပသို့ တာဝန်ပေးစေလွှတ်ရာတွင် သတ်မှတ်ချက်နှင့်ကိုက်ညီသူများကိုသာ ရွေးချယ်စေလွှတ်ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်ကိုယ်စားပြုသည့် အတွက် စောင့်ထိန်းရမည့် ကျင့်ဝတ်များကို အလေးထား လိုက်နာစေလိုကြောင်း၊ မိမိသွားရောက်တာဝန်ထမ်းဆောင်မည့်နိုင်ငံ၏ ဓလေ့စရိုက်နှင့် ယဉ်ကျေးမှုများကိုလည်း အလေးထားရမည်ဖြစ်ပါကြောင်း၊ မိမိကိုယ်ကို ပိုမိုတိုးတက်ကောင်းမွန်အောင် အစဉ်အမြဲကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းတာဝန်များကို အမှားအယွင်းနည်းအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိကိုယ်ကို သစ္စာရှိရန်နှင့် နိုင်ငံတော်အပေါ် သစ္စာရှိရန် လိုအပ်ပါကြောင်း၊ မိမိ၏ ပြုမူနေထိုင်မှုများကို ချင့်ချိန်သုံးသပ်၍ လုပ်သင့်လုပ်ထိုက်သည်ကို လုပ်၍ မလုပ်သင့် မလုပ်ထိုက်သည်ကို မလုပ်ရန်ဖြစ်ကြောင်း၊ မိမိနိုင်ငံ၏ ပကတိနိုင်ငံရေး၊ စီးပွားရေး၊ ပထဝီ အနေအထားများကို မှန်မှန်ကန်ကန် သိရှိရန် လိုအပ်ပါကြောင်း၊ မိမိနိုင်ငံ၏ အကျိုးဖြစ်ထွန်းအောင်၊ နိုင်ငံတကာနှင့် ဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း၊ မိမိကိုယ်ကို ကောင်းအောင်ကြိုးစားပြီး လုပ်ဖော်ကိုင်ဖက်အချင်းချင်း စည်းလုံးညီညွတ်မှုရှိခြင်းသည် National Character-istic ကိုလည်း မြှင့်တင်ရာရောက်ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများအကြားနှင့် ချစ်ကြည်ရင်းနှီးမှုတည်ဆောက်ကာ မိမိနိုင်ငံ၏ မူလရပ်တည်ချက် အနေအထားသို့ ပြန်လည်ရောက်ရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သံတမန်များ၏ လုပ်ငန်းတာဝန် (၅)ရပ်ကို ကျေပွန်စွာ ဆောင်ရွက်၍ ပြည်ပရောက် မိမိနိုင်ငံသားများ၏ အကျိုးကို တတ်စွမ်းသရွေ့ ဆောင်ရွက်ပေးသွားရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ သံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ် ရုံးများတွင် သွားရောက် တာဝန်ထမ်းဆောင်ကြမည့် အရာထမ်းများနှင့် အမှုထမ်းများက ၎င်းတို့ ယခင်သွားရောက် တာဝန်ထမ်းဆောင်ခဲ့သည့် နိုင်ငံများ၊ ယခုသွားရောက်တာဝန်ထမ်းဆောင်ရမည့် နိုင်ငံများကို တစ်ဦးချင်းစီ မိတ်ဆက်တင်ပြရာ ပြည်ထောင်စုဝန်ကြီးက သွားရောက်ကြမည့် နိုင်ငံအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ရည်မှန်းချက်များကို အသေးစိတ် လမ်းညွှန်ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပြည်ပသို့ သွားရောက် တာဝန်ထမ်းဆောင်သူများအနေဖြင့် သံတမန်တစ်ဦးတွင် ရှိသင့်ရှိထိုက်သော အရည်အသွေး(Diplomatic Character-istic)များကို မြှင့်မားအောင်ကြိုးစားကြရန် မှာကြားလိုပါကြောင်း၊ သံတမန်တစ်ဦး၏ အရေးကြီးဆုံးသော အရည်အသွေးသည် သစ္စာရှိမှုဖြစ်ပြီး Communication Skill၊ Language Skill၊ Negotiation Skill များတိုးတက်စေရန် အစဉ်လေ့လာဆည်းပူး၍ မြှင့်တင်စေလိုပါကြောင်း၊ ဝန်ထမ်းများအချင်းချင်း စည်းလုံးညီညွတ်မှုရှိရန်နှင့် ကိုယ်စိတ်နှစ်ပါး ကျန်းမာရေးကို အထူးဂရုစိုက်ကြရန် မှာကြားလိုပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံ့တာဝန်များကို အောင်မြင်စွာဖြင့် ထမ်းဆောင်နိုင်ကြပါစေကြောင်းနှင့် ကြီးပွားတိုးတက်အောင်မြင်စေလိုကြောင်း ဆုတောင်းစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးသံမှူး Mr. Andrei Lunak အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဧပြီ ၂၈**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးသံမှူး Mr. Andrei Lunak အား ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၆)ရှိ ဧည့်ခန်းမ၌ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဧပြီလ ဒုတိယပတ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ဆွေးနွေးခဲ့သည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်ရန်နှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် လေ့ကျင့်သင်ကြားပေးရေးတို့အတွက် နားလည်မှုစာချွန်လွှာ(MoU) ရေးထိုးသွားရန် ပြင်ဆင်နေသည့်ကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်ရေးကိစ္စတို့အား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံး ယာယီတာဝန်ခံနှင့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဧပြီ ၂၈**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးသည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ ထိုင်းနိုင်ငံသံရုံး ယာယီတာဝန်ခံ Mr. Yordying Supasri နှင့်အဖွဲ့အား လက်ခံတွေ့ဆုံသည်။



**ဆွေးနွေး**

ထိုသို့ တွေ့ဆုံရာ၌ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံး ယာယီတာဝန်ခံက နှစ်နိုင်ငံကြားဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးရာတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းနှင့် ပတ်သက်၍ ထိုင်းနိုင်ငံ ပုဂ္ဂလိကကဏ္ဍ၏ ကုန်သွယ်မှုနှင့် ငွေရေးကြေးရေးဆိုင်ရာကိစ္စရပ်များတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ပံ့ပိုးကူညီမှုများအတွက် ကျေးဇူးတင်ပါကြောင်း၊ ပို့ကုန်ရငွေမှ မြန်မာကျပ်ငွေသို့ လဲလှယ်ခြင်းအား တဖြည်းဖြည်း ဖြေလျှော့ပေးခဲ့သည့်မူဝါဒအား ကြိုဆိုပါကြောင်း၊ ထိုင်းနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံတွင် ထိုင်းဘတ်ငွေဖြင့် ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ဆောင်ရွက်လိုပါကြောင်း၊ မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ ပိုမိုတိုးချဲ့ဆောင်ရွက်လိုပါကြောင်း၊ နည်းပညာ ဆိုင်ရာအကူအညီများ လိုအပ်ပါက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌက ပြန်လည်ဆွေးနွေးရာတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် ငွေကြေးတည်ငြိမ်မှုရရှိစေရန်၊ ငွေလဲလှယ်နှုန်းတည်ငြိမ်မှုရှိစေရန်၊ ငွေကြေးဖောင်းပွမှုလျော့ကျစေရန်၊ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် ခိုင်မာတိုးတက်စေရန်၊ ဘဏ်လုပ်ငန်းစနစ် တည်ငြိမ်စေရန်တို့ကို ဆောင်ရွက်လျက် ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ထိုင်းဘတ်ငွေအား ကုန်သွယ်မှုကဏ္ဍတွင်သာမက ရင်းနှီးမြှုပ်နှံမှု ကဏ္ဍတွင် ဆောင်ရွက်လိုပါက ဆောင်ရွက်နိုင်ပါကြောင်း၊ ငွေရေးကြေးရေးဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်မှုနှင့် ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ နည်းပညာဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် ထိုင်းနိုင်ငံဘဏ်များနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်မည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး ရန်ကုန်မြို့ ရုရှားသံရုံးမှ စီးပွားရေးသံမှူး Mr. Andrei Lunak အား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၂၈**

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် ရန်ကုန်မြို့ ရုရှားသံရုံးမှ စီးပွားရေးသံမှူး Mr. Andrei Lunak အား ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁) နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား အစိုးရအချင်းချင်းနှင့် ပုဂ္ဂလိကကဏ္ဍများတွင် ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးနှင့် လက်ရှိပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှုစီမံချက်များ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ အပါအဝင် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး




**နေပြည်တော် မေ ၂၈**

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Andrei Lunak အား ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ် (၃၃) ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအကြား ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်နိုင်ရေး၊ နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာပါ အချက်များအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုကဏ္ဍမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရေး၊ နှစ်နိုင်ငံ အပြန်အလှန် ခရီးသွားလာမှု တိုးမြှင့်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စနစ်တကျဖြစ်စေရေးအတွက် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဘာသာရပ်တာဝန်ခံများနှင့် တွေ့ဆုံဆွေးနွေးသည်။ **(အပေါ်ပုံ)**

ဦးစွာ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြကြပြီး ဌာနခွဲများမှ ဘာသာရပ်တာဝန်ခံများက မိမိတို့ဌာနအလိုက် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ လက်ရှိ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

**ကြိုးပမ်းဆောင်ရွက်**

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အစိုးရ၊ ပုဂ္ဂလိက ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ကြရေး၊ နိုင်ငံ့ဝန်ထမ်းများ ပီသစွာ ပြည်သူလူထုနှင့် တိုင်းပြည်အကျိုးဘက်ညီမျှတစွာ ကြိုးပမ်းဆောင်ရွက်ကြရေး၊ ခေတ်ကာလနှင့်အညီ နည်းပညာများကို ပေါင်းစပ်အသုံးပြု၍ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာစေရန် အလေးထားဆောင်ရွက်သွားကြရေး၊ ပြည်ပခရီးသွား ပိုမိုဝင်ရောက်လာရေးအတွက် ရည်မှန်းချက်ထား မျှော်မှန်း ဆောင်ရွက်ကြရေး၊ မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်အား နိုင်ငံတကာကသိရှိအောင် မြှင့်တင်ကြိုးစား ဆောင်ရွက်ကြရေး၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ပညာရပ်များ တိုးတက်ထွန်းကားစေ၍ အလုပ်အကိုင်အခွင့်အလမ်းနှင့် လူသားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး၊ အားလုံးပါဝင်သော ခရီးသွားလုပ်ငန်းဖြစ်ပေါ်လာစေရေး တို့ကို တိုက်တွန်း မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၃၃) ကြိမ်မြောက် မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ အစည်းအဝေးကျင်းပ



**နေပြည်တော် မေ ၂၈**

မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ၏ (၃၃) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော် ရုံးအမှတ်(၄၃) အစည်းအဝေးခန်းမ၌ ကျင်းပရာ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ပညာရှင်များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မျိုးစေ့ဆိုင်ရာအမျိုးသား ကော်မတီဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ပြည်တွင်းမျိုးစေ့ထုတ်လုပ်မှုတိုးမြှင့်ပြီး ပြည်ပမှမျိုးစေ့တင်သွင်းအသုံးပြုမှုလျှော့ချရေးအတွက် ပြည်တွင်း မျိုးစေ့ထုတ်လုပ်မှုများတွင် အရည်အသွေးပြည့်မီသည့် ဈေးကွက်ဝယ်လိုအားရှိပြီး သက်တမ်းတိုသီးနှံမျိုးစေ့များကို ပိုမိုထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့် မျိုးစေ့ထုတ်လုပ်ရေးသင်တန်းများပေးခြင်း၊ မျိုးစေ့ထုတ်လုပ်ရန် လိုအပ်သည့် မြေနေရာရရှိရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လျှောက်ထားအသုံးပြုခွင့်ပေးခြင်း၊ မျိုးစေ့ဈေးနှုန်းကြီးမြင့်မှု မဖြစ်ပေါ်စေရန် လိုအပ်သည့် အခြေခံအဆောက်အအုံများ တည်ဆောက်အသုံးပြုနိုင်ရန် စီမံဆက်စပ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ အလားတူ MSME များနှင့် မျိုးစေ့ထုတ်လုပ်သူတောင်သူများအကြား ပေါင်းကူးဆက်သွယ်နိုင်ရေး ဆောင်ရွက်ရာ၌ MSME များမှ လိုအပ်သည့် သီးနှံထွက်ကုန်ကြမ်းများ စိုက်ပျိုးထုတ်လုပ်ရာတွင် လိုအပ်သည့် အရည်အသွေးနှင့် ကိုက်ညီသော သီးနှံမျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ပေးနိုင်သည့် ဝန်းကျင်ကောင်းများ ဖန်တီးခြင်းလုပ်ငန်းအား ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်ထိန်းကျောင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

မျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် Seed Growers များကို နည်းမှန်လမ်းမှန် ဆောင်ရွက်ရန် လေ့ကျင့်ပေးပြီး အရင်းအနှီးရရှိရေးနှင့် စုပေါင်းဆောင်ရွက်သည့် အလေ့အကျင့်ဖြစ်စေရေးအတွက် မျိုးစေ့အစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်းကို အလေးထားဆောင်ရွက်သွားရန်ဖြစ်ကြောင်း ပြောကြားသည်။

မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ၏ (၃၂)ကြိမ်မြောက် ကော်မတီအစည်းအဝေးအထိ လယ်ယာသီးနှံ ၇၆၂ မျိုး၊ ဥယျာဉ်ခြံသီးနှံ ၉၈၄ မျိုး၊ စက်မှုသီးနှံ ၁၃၇ မျိုးနှင့် မိဘမျိုးလိုင်း ၂၅၂ စုံ စုစုပေါင်း မျိုးသစ်မျိုးဖျား ၂၁၃၅ မျိုးကို အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခဲ့ပြီးဖြစ်သည်။

ယနေ့ကျင်းပသည့် (၃၃)ကြိမ်မြောက် အစည်းအဝေးတွင် သက်ဆိုင်ရာ သီးနှံကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့များနှင့် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီတို့က အဆင့်ဆင့် စိစစ်တင်ပြလာသည့် အသိအမှတ်ပြုလက်မှတ်၏ သက်တမ်း (၁၀)နှစ်ပြည့်မြောက်၍ သက်တမ်းထပ်တိုးမည့် သီးနှံမျိုးဖျား (၁၄) မျိုး၊ မျိုး အသစ်အဖြစ် လျှောက်ထားလာသည့် လယ်ယာသီးနှံ ၃၀၊ စက်မှုသီးနှံ တစ်မျိုး၊ ဥယျာဉ်ခြံသီးနှံ ၁၁ မျိုးနှင့် မိဘမျိုးလိုင်း ၁၂ စုံ စုစုပေါင်း မျိုးသစ် မျိုးဖျား ၆၈ မျိုးတို့အပေါ် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးနိုင်ရေး သုံးသပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အင်းစိန်မြို့နယ်၌ လူငယ်အကျိုးပြု သုတ၊ ရသ၊ စာပေ စာဖတ်ဝိုင်းကျင်းပ

**ရန်ကုန် မေ ၂၈**

လူငယ်အကျိုးပြု သုတ၊ ရသ၊ စာပေ၊ စာဖတ်ဝိုင်းကို မေ ၂၆ ရက် မွန်းလွဲ ၁ နာရီက အင်းစိန်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

စာဖတ်ဝိုင်းကို စာရေးဆရာမများဖြစ်ကြသော ပျိုပျို ယောဂ(သစ်တော) နှင့် နန်းဝေ(ပျူပုတီး)တို့က စာရေးဆရာ ကျော်ကျော်လှိုင် ရေးသားထုတ်ဝေခဲ့သည့် (စဉ်းစားမိသော အတွေးများ) စာအုပ်ပါအကြောင်းအရာများကို ၎င်းတို့၏ ဘဝအတွေ့အကြုံများနှင့် ယှဉ်တွဲ၍ စိတ်ဝင်စားဖွယ် ဆွေးနွေးတင်ပြကြကာ မြို့နယ်စာရေးဆရာအသင်းနှင့် စာပေဥယျာဉ်အသင်းဝင်များက မေးမြန်းဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သိရသည်။

**မြင့်ဦး**

# ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ဝန်ထမ်းအိမ်ရာ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၈

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်သည် ဒုတိယဝန်ကြီး ဦးစိုင်းထွန်းညို၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သော နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက်ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ဝန်ထမ်းအိမ်ရာ တိုက်အမှတ်(၂၂၁၆) အနီရောင်အဆင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ကုမ္ပဏီမှတာဝန်ရှိသူများက ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က အဆိုပါအဆောက်အအုံ ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် ဆောက်လုပ်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောလျင်စွာပြီးစီးရေး၊ ဝန်ထမ်းများ ပြန်လည်နေထိုင်နိုင်ရေးနှင့်စပ်လျဉ်း၍ မှာကြားသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရုံးမြေဧရိယာ



အတွင်း၌ ဆောက်လုပ်ထားသော ငလျင်ဒဏ်သင့်ဝန်ထမ်းများယာယီနေထိုင်ရာ Container House များတွင် ဝန်ထမ်းများ မိသားစုအလိုက်နေထိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး အားပေးစကားပြောကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းနှင့် တိုင်းရင်းသားရေးရာလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး/ပြည်နယ်များရှိ တိုင်းရင်းသားရေးရာလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ၏ တိုင်းရင်းသားရေးရာလုပ်ငန်းများဆောင်ရွက်မှုနှင့် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ မှတ်ပုံတင်နိုင်ရေး ဆောင်ရွက်ရန် ညှိနှိုင်းနိုင်ရေးအတွက် ကျင်းပခြင်းဖြစ်ပြီး တာဝန်ရှိသူများအားလုံးအနေဖြင့် တိုင်းရင်းသားလူမျိုးများ၏ အမျိုးဘာသာ၊ သာသနာ၊ စာပေယဉ်ကျေးမှုများ မေ့မှိန်မပျောက်ပျက်စေရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ရှေးရှု၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ချင်းတိုင်းရင်းသားရေးရာဝန်ကြီး၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ချင်းတိုင်းရင်းသားရေးရာဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ကရင်တိုင်းရင်းသားရေးရာဝန်ကြီးတို့က အွန်လိုင်းမှတစ်ဆင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပန်းတောင်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ပန်းတောင်း ဧပြီ ၂၈

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယမန်နေ့က ပန်းတောင်းမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရွှေဘုံသာကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာရှိ မွေးမြူရေးလုပ်ငန်းရှင် ဒေါ်စန်းစန်းမော်၏ နို့စားနွား ၂၃ ကောင် မွေးမြူထားမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် ငါးဆယ်ပေးကျေးရွာအုပ်စု အုတ်ဖိုကျေးရွာ၌ ကျင်းပသည့် မြေဩဇာကြဲပက်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ကျေးရွာတောင်သူများနှင့်တွေ့ဆုံ၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒန့်ဒလွန်ကျေးရွာအုပ်စု ကျောက်ဖျာကျေးရွာရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးအောင်မြင့်၏ အသားတိုးဝက်အကောင် ၅၀ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေါင်းမြတ်နားကျေးရွာရှိ သစ်တောပျိုးဥယျာဉ်၌ မိုးရာသီတွင် လူထုစိုက်ပျိုးမည့်ပျိုးပင်များ ပျိုးထောင်စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်မြို့နယ်အတွင်း စိုက်ပျိုးစွမ်းအားတိုးတက်မြင့်မားစေရေး ကွင်းဆင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဦးစွာ ပြည်မြို့ နဝဒေးရပ်ကွက်ရှိ ရွှေဝါထွန်းစိုက်ပျိုးရေးစက်ကိရိယာမျိုးစုံ ထုတ်လုပ်ရေးအလုပ်ရုံ၌ မြေယာထွန်ယက်စက် စမ်းသပ်တီထွင်ဆောင်ရွက်နေမှု၊ ကြံလမိုင်းဖြတ်စက်ထုတ်လုပ်နေမှု၊ လက်ဆွဲမျိုးစေ့ချကိရိယာများ ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က စက်ရုံ



အလုပ်ရုံများအားလုံး ဆိုလာစနစ်ကို သုံးစွဲနိုင်ရေး၊ ပြည်ပသွင်းကုန်အစားထိုး ဒေသတွင်းစွန့်ဦးတီထွင်၍ လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်နေသူများအား အားပေးမြှင့်တင်ပေးရေး၊ လိုအပ်သည့်နည်းပညာရရှိရေးတို့ကို အားလုံးပူးပေါင်းဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် နဝဒေးရပ်ကွက်ရှိ ဦးသိန်းနိုင်၏ "သာလီစွ"အမှတ်တံဆိပ်ဖြင့် သံပုရာ၊ ကွမ်း၊ စပါးနှင့် ကြံသီးနှံများအတွက် သဘာဝမြေဩဇာနှင့် အပင်ရွက်ဖျန်းမြေဩဇာရည် ထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဖျာပုံမြို့၌ တစ်လုံးထိုးဒီဇယ်အင်ဂျင်ပြုပြင်ထိန်းသိမ်းနည်းပညာ သင်တန်းဖွင့်

ဖျာပုံ ဧပြီ ၂၈

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ရှမ်းကွင်းစံပြကျေးရွာတွင် ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးသော တစ်လုံးထိုး ဒီဇယ်အင်ဂျင်ပြုပြင်ထိန်းသိမ်းနည်း ပညာသင်တန်းကို ယမန်နေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။



ဦးစွာ ဖျာပုံခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်လတ်လတ်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကျုံတာကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်၊ သင်တန်းနည်းပြဆရာ ဦးဝင်းကိုကိုဦးတို့က သင်တန်းသားများ အနေဖြင့် သင်တန်းတွင် သင်ကြားပို့ချပေးသော သင်ခန်းစာများကို သေချာစွာလိုက်နာ မှတ်သားကြရန်နှင့် သင်တန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားကြသည်။

အဆိုပါသင်တန်းကို ဧပြီ ၂၇ ရက်မှ မေ ၁၁ ရက်အထိ လည်းကောင်း၊ တစ်လုံးထိုးဒီဇယ်အင်ဂျင်ပြုပြင်ထိန်းသိမ်းနည်း မွမ်းမံသင်တန်းကို မေ ၁၉ ရက်မှ ၂၅ ရက် အထိလည်းကောင်း စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းတွင် ထူးချွန်ကြသူများအား သင်တန်းနှင့်ပတ်သက်သည့်ဆက်စပ်ပစ္စည်းများထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သန်လျင်မြို့နယ် ဦးစီးမှူးရုံးအနေဖြင့် သန်လျင်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ အသက် ၁၀ နှစ်မှ ၁၈ နှစ်အထက် ပြည်သူများအား ဧပြီ ၂၇ ရက်က အစိုးရသစ်ကာလ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။

သန်းဝင်း(သန်လျင်)






ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများ ပူးပေါင်း၍ ဧပြီ ၂၇ ရက်တွင် မီးဘေးလုံခြုံရေး ပညာပေး အထိမ်းအမှတ် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးစဉ်။

စိမ်းလဲ့(ပြန်/ဆက်)

# သင်္ဂါယနာသမိုင်း

မောင်ပုည



ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူတော်ကြီး။

### ဆဋ္ဌသင်္ဂါယနာသမိုင်း

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရခဲ့သည်။ မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝတွင် နှစ်ပေါင်း ၁၀၀ ခန့် နေရသဖြင့် ဗုဒ္ဓသာသနာတော် သန့်ရှင်းစင်ကြယ်ရေးသည်လည်း ညှိုးနွမ်းမှေးမှိန်ခဲ့ရသည်။ သာသနာ့ဦးသျှောင် ဆရာတော်ကြီးများနှင့် နိုင်ငံတော်အကြီးအကဲများသည် သာသနာတော်မြတ်ကြီး သန့်ရှင်းစင်ကြယ်ရေး၊ စည်ပင်တိုးတက်ရေးကို အလေးအနက်ထား၍ ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။ သို့ဖြစ်၍ လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၏ ပါလီမန်လွှတ်တော်ကြီးမှ သာသနာရေးနှင့်ပတ်သက်သည့် အက်ဥပဒေ ၃ ရပ်တို့ကို ပြဋ္ဌာန်းခဲ့သည်။

### နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ ဖွဲ့စည်းရန် ပထမဆုံးညီလာခံ

ဗုဒ္ဓသာသနာအဖွဲ့အက်ဥပဒေ အတည်ဖြစ်ပြီးနောက် ပထမဆုံးအကြိမ် ညီလာခံကြီးကို ရန်ကုန်မြို့ တက္ကသိုလ်ဓမ္မာရုံကြီး၌ ကိုယ်စားလှယ်တော်ပေါင်း ၅၁ ဦးတို့၏အမည်များကို ကြေညာ၍ ဖွဲ့စည်းခဲ့သည်။ ထို့နောက် အမှုဆောင်အဖွဲ့ ဖွဲ့စည်းရန် ဒေသဆိုင်ရာ ကိုယ်စားလှယ် ၁၀ ဦး၊ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်များက ရွေးချယ်သည့် ပုဂ္ဂိုလ် ကိုးဦး၊ နိုင်ငံတော်သမ္မတကြီးက ခန့်အပ်သည့် ပုဂ္ဂိုလ် ရှစ်ဦးအားဖြင့် သုံးရပ်ပေါင်း ၂၇ ဦးတို့ကို အမှုဆောင်များအဖြစ် ရွေးချယ်ခဲ့သည်။ အထက်ပါအမှုဆောင်အဖွဲ့၏ ပထမအကြိမ်အစည်းအဝေးတွင် အက်ဥပဒေပုဒ်မ ၁၈ ပါး၊ သာသနာရေးကိစ္စအဝဝကို အသီးသီးတာဝန်ခွဲဝေ၍ ဆောင်ရွက်နိုင်ကြစေရန်အဖွဲ့ငယ်လေးဖွဲ့ ဖွဲ့စည်းကာ တာဝန်အသီးသီးကို ထမ်းဆောင်ခဲ့ကြသည်။

### နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့၏ ဆဋ္ဌသင်္ဂါယနာစီစဉ်ရေးအဖွဲ့ခွဲ

နိုင်ငံတော်အစိုးရသည် **ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး အရှည်တည်တံ့စေရန်၊ ပိဋကပါဠိတော်များ ပိုမို၍သန့်ရှင်းကောင်းမွန်စေရန်၊ ပါဠိဘာသာမတတ်မြောက်သောပုဂ္ဂိုလ်များ ပိဋကတ်တော်၏အရသာကို လွယ်လင့်တကူ ခံယူသုံးဆောင်နိုင်ကြစေရန်နှင့် နိုင်ငံခြားဒေသများ၌ သာသနာတော်ထွန်းကားပြန့်ပွားစေရန်**ဟူသော ရည်ရွယ်ချက်လေးချက်ဖြင့် ဆဋ္ဌသင်္ဂါယနာတင် ဓမ္မသဘင်ကြီးဖြစ်မြောက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် တိုင်းသူ တိုင်းသားတို့သည် ပစ္စယာနုဂ္ဂဟအားဖြင့် ထောက်ပံ့လှူဒါန်းရန် စည်းဝေးဆုံးဖြတ်ခဲ့သည်။

ထို့နောက် သက္ကရာဇ် ၁၃၁၃ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက် (၈-၁၁-၁၉၅၁) နေ့တွင် ကျင်းပခဲ့သော အစည်းအဝေးတွင် သာသနာရေးဝန်ကြီးက နိုင်ငံတော်အစိုးရကိုယ်စား ဆဋ္ဌသင်္ဂါယနာတင်ကိစ္စကို နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ကြီးအားလွှဲအပ်ခဲ့ရာ အဖွဲ့ကြီးက ဝမ်းမြောက်စွာလက်ခံပြီးလျှင် ဆဋ္ဌသင်္ဂါယနာစီစဉ်ရေးအဖွဲ့ခွဲနှင့် တကွ အဖွဲ့ငယ်များ ထပ်မံဖွဲ့စည်း၍ အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သည်။ ဆဋ္ဌသင်္ဂါယနာသဘင်ဆင်ယင်ကျင်းပရေးအတွက် နိုင်ငံတော်တစ်ဝန်းလုံးရှိ နိုင်ငံတော် သြဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်ဝိနည်းဓိုရ် ဆရာတော်ကြီးများနှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ ဆရာတော်ကြီးများ စုံညီစွာဖြင့် ဆွေးနွေးညွှန်ကြားတော်မူနိုင်ကြစေရန် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ကြီးက တာဝန်ယူ၍ ပင့်ဆောင်ခဲ့ကြရာ ၅၃ ပါး ကြွရောက်တော်မူခဲ့ကြသည်။

### ဆဋ္ဌသင်္ဂါယနာတင်ရန် စည်းဝေးဆုံးဖြတ်တော်မူခြင်း

မြန်မာသက္ကရာဇ် ၁၃၁၃ ခု၊ တပို့တွဲလပြည့်ကျော် ၁ ရက် (ခရစ်နှစ် ၁၁-၂-၁၉၅၂) ရက်နေ့ မွန်းလွဲအချိန်၌ သြဝါဒါစရိယသံဃနာယက ဆရာတော်ကြီးများ၏ အစည်းအဝေးကို စတင်ကျင်းပတော်မူကြရာ အစည်းအဝေးတွင် ယခုကျင်းပမည့်သင်္ဂါယနာကို **ဆဋ္ဌသင်္ဂါယနာ**ဟု ခေါ်တွင်ရန် ဆုံးဖြတ်တော်မူ၍ ဆဋ္ဌသင်္ဂါယနာတင်ရခြင်း၏ အကြောင်းများကိုလည်း အတည်ပြုတော်မူခဲ့ကြသည်။

### ဆဋ္ဌသင်္ဂါယနာတင်ရခြင်းအကြောင်း

(၁) မြတ်စွာဘုရား ဟောကြားတော်မူအပ်သော နိကာယ်ငါးရပ်ကို အထပ်ထပ်အဆင့်ဆင့်ရေးကူးကြရာ၌ သတိချွတ်ယွင်းရေးမှားမိခြင်းဟု ဆိုအပ်သော ပမာဒ လေခ ပါဠိပျက်များကို အထူးသန့်ရှင်း စင်ကြယ်စေလိုခြင်း။

(၂) ထိုစင်ကြယ်သော ပိဋကတ်တော်များကို စက်တင်ပုံနှိပ်ပြီးလျှင် ဆဋ္ဌသင်္ဂါယနာတင်၍ ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့စေခြင်းအားဖြင့် သာသနာတော် အဓွန့်ရှည်စွာတည်စေလိုခြင်း။

(၃) လွတ်လပ်သော မြန်မာနိုင်ငံတော်နှင့်တကွ ဗုဒ္ဓဘာသာနိုင်ငံအားလုံးတို့က သာသနာတော်ကို စုပေါင်းအားပေးချီးမြှောက်လိုခြင်းဟူသော အကြောင်းသုံးချက်ဖြင့် ဆဋ္ဌသင်္ဂါယနာတင်ရန် သဘောတူညီ ဆုံးဖြတ်တော်မူကြသည်။

ထိုသို့ဆုံးဖြတ်တော်မူကြပြီးနောက် ရှေးဦးဆောင်ရွက်ဖွယ်များကို အဖွဲ့ငယ်များ အသီးသီးဖွဲ့စည်း၍ စတင်ဆောင်ရွက်ခဲ့ကြသည်။

### ဆဋ္ဌသင်္ဂါယနာတင်ရန် ကမ္ဘာအေးကုန်းမြေကို ရွေးချယ်ခြင်း

ဆဋ္ဌသင်္ဂါယနာတင်ရမည့်နေရာကို ရေကူးရပ်၊ သီရိမင်္ဂလာကုန်းမြေ၊ ကမ္ဘာအေးစေတီပတ်ဝန်းကျင်ဟု သတ်မှတ်ပြီး ထိုမြေနေရာ၌ အဆောက်အဦကိုးခု(နဝဋ္ဌာန) ကို ဆောက်လုပ်ရန် ဆုံးဖြတ်ချက်ချပြီး ဆောက်လုပ်ခဲ့ကြသည်။

### ပိဋကတ်တော်များ ပင့်ဆောင်ခြင်း

နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့အနေဖြင့် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး ကျင်းပနိုင်ရေးအတွက် လုပ်ဆောင်ရမည့် ရှေးဦးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးဖြင့် ဖွဲ့စည်းဆောင်ရွက်သကဲ့သို့ မြန်မာနိုင်ငံအပါအဝင် ဗုဒ္ဓဘာသာနိုင်ငံများဖြစ်သော သီရိလင်္ကာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံတို့ရှိ ပိဋကတ်တော်များကို စိစစ်သုတ်သင် တည်းဖြတ်ရေးအဖွဲ့များဖွဲ့စည်းကာ သန့်ရှင်းစင်ကြယ်သော ပိဋကတ်တော်များရရှိရေးကို ဆောင်ရွက်ခဲ့သည်။

> ❛ **နိုင်ငံတော်အစိုးရသည် ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး အရှည်တည်တံ့စေရန်၊ ပိဋကပါဠိတော်များ ပိုမို၍သန့်ရှင်းကောင်းမွန်စေရန်၊ ပါဠိဘာသာမတတ်မြောက်သောပုဂ္ဂိုလ်များ ပိဋကတ်တော်၏အရသာကို လွယ်လင့်တကူ ခံယူသုံးဆောင်နိုင်ကြစေရန်နှင့် နိုင်ငံခြားဒေသများ၌ သာသနာတော် ထွန်းကားပြန့်ပွားစေရန်ဟူသော ရည်ရွယ်ချက် လေးချက်ဖြင့် ဆဋ္ဌသင်္ဂါယနာတင် ဓမ္မသဘင်ကြီးဖြစ်မြောက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် တိုင်းသူ တိုင်းသားတို့သည် ပစ္စယာနုဂ္ဂဟအားဖြင့် ထောက်ပံ့လှူဒါန်းရန် စည်းဝေးဆုံးဖြတ်ခဲ့** ❜

ထိုသို့ နိုင်ငံအစုံမှ ပိဋကတ်တော်မူများကို ရရှိထားသည့်အတွက် ဆဋ္ဌသင်္ဂါယနာတင်နိုင်ရန် ပါဠိတော်များကို သုတ်သင်တည်းဖြတ်တော်မူကြရာတွင် မူအမျိုးမျိုးကို နှိုင်းယှဉ်လေ့လာနိုင်ကာ သုံးသပ်ဆုံးဖြတ်နိုင်ကြသည်။ ထို့ကြောင့်ပင် ဆဋ္ဌသင်္ဂါယနာတင်မူ ပါဠိတော်ကျမ်းစာအုပ်များ၏ အောက်ခြေတွင် “**နာနာပါဌ**”ကို ထည့်သွင်းထားနိုင်ခြင်းဖြစ်သည်။

### ဆဋ္ဌသင်္ဂါယနာတင်တော်မူကြခြင်း

ဆဋ္ဌသင်္ဂါယနာတင် မဟာဓမ္မသဘင်ကို သာသနာတော်နှစ် ၂၄၉၈ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၁၆ ခုနှစ်၊ ကဆုန်လပြည့်(၁၇-၅-၁၉၅၄)နေ့တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ခုနစ်နှစ်အကြာတွင် ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။ ထိုဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးတွင် မြန်မာနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံဟူသော **စာမျက်နှာ ၇ သို့** ❖



ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး ဆင်ယင်ကျင်းပမှုမြင်ကွင်း။



သံဃမဟာနာယကဥက္ကဋ္ဌ ညောင်ရမ်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တရေဝတ



မဟာစည်ဆရာတော် ဘဒ္ဒန္တသောဘဏ(ပုစ္ဆက-အမေးဆရာတော်)နှင့် မင်းကွန်းဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ (ဝိသဇ္ဇက-အဖြေဆရာတော်)

❖ စာမျက်နှာ ၆ မှ

ထေရဝါဒဗုဒ္ဓဘာသာ ငါးနိုင်ငံတို့မှ သံဃာတော် အပါး ၂၅၀၀ တို့ပါဝင်တက်ရောက်တော်မူခဲ့ကြသည်။

ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးကို ထေရဝါဒဗုဒ္ဓဘာသာ ငါးနိုင်ငံမှ သံဃာ့မထေရ်မြတ်ကြီးများက ဦးစီး၍ ဗုဒ္ဓဒေသနာတော် ပိဋကတ်ကျမ်းစာအုပ်ရေ ၄၀ ကို သန္နိပါတ ငါးကြိမ်ဖွဲ့၍ စိစစ်ရွတ်ဆို သင်္ဂါယနာတင်တော်မူကြခြင်းဖြစ်သည်။

ညောင်ရမ်းဆရာတော်ဘုရားကြီးသည် ဆဋ္ဌသင်္ဂါယနာတင် မဟာဓမ္မသဘင်တွင် ဥက္ကဋ္ဌတာဝန်ဖြင့် ပထမသန္နိပါတ ၄၄ ရက်၊ ဒုတိယသန္နိပါတ ၆၅ ရက်၊ ပေါင်း ၁၀၉ ရက်တိုင်တိုင် အားကြိုးမာန်တက် ဆောင်ရွက်တော်မူခဲ့သည်။ ထိုသို့ဆောင်ရွက်တော်မူစဉ် ၁၃၁၆ ခုနှစ် တပို့တွဲလပြည့် (၇-၂-၁၉၅၅) တနင်္လာနေ့၊ နေ့ ၂ နာရီ ၁၃ မိနစ်အချိန်၌ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၊ အဘိဓဇမဟာဝိဟာရကျောင်းတွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။ ညောင်ရမ်းဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက်တွင် ဆဋ္ဌသင်္ဂါယနာဝန်ဆောင်သံဃာ့အဖွဲ့၏ ဥက္ကဋ္ဌတာဝန်ကို မစိုးရိမ်ဆရာတော်ကြီးက ဆက်လက်ထမ်းဆောင်လျက် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးကို အရှိန်မပျက် ဆက်လက်ဆောင်ရွက်တော်မူခဲ့ကြသည်။

ဗုဒ္ဓဒေသနာ ပါဠိတော်အုပ်ရေ ၄၀ ကို သန္နိပါတ ငါးကြိမ်ခွဲ၍ သင်္ဂါယနာတင်ခဲ့ရာ၌ သံဃာ့ဥက္ကဋ္ဌ ဆရာတော်ကြီးများအပြင် အကျိုးတော်ဆောင် ဗားကရာဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနာဂဝံသ၊ ပုစ္ဆက မဟာစည်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘန၊ ဝိသဇ္ဇက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၊ သန္နိပါတအလိုက် ဘာဏကအဖွဲ့ဆရာတော်များ၊ သြဝါဒါစရိယဆရာတော်များ၊ ဦးဆောင်ဆရာတော်များ၊ မူလဝိသောဓက ပဋိဝိသောဓက ဆရာတော်များအပါအဝင် ပြည်တွင်း ပြည်ပ သင်္ဂီတိကာရက ဆရာတော် ၂၅၀၀ တို့ ပါဝင်ဆောင်ရွက်တော်မူခဲ့ကြသည်။

ဤသို့ဖြင့် နှစ်နှစ်တိုင်တိုင် ကျင်းပတော်မူခဲ့သော ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးသည် မြန်မာသက္ကရာဇ် ၁၃၁၈ ခုနှစ်၊ ကဆုန်လပြည့်နေ့၊ သာသနာနှစ် ၂၅၀၀ ပြည့်နှစ် (၂၄-၅-၁၉၅၆)တွင် ပြီးမြောက်အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် အောင်ပွဲကြီး ဆင်နွှဲနိုင်ခဲ့ကြသည်။

**အဋ္ဌကထာနှင့် ဋီကာကျမ်းများကို သင်္ဂါယနာတင်တော်မူခြင်း**

မြန်မာသက္ကရာဇ် ၁၃၁၈ ခုနှစ်၊ ကဆုန်လပြည့်နေ့၊ သာသနာနှစ် ၂၅၀၀ ပြည့်အမီ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး ပြီးမြောက်အောင်မြင်ခြင်း အထိမ်းအမှတ်အောင်ပွဲကြီး ဆင်နွှဲနိုင်ခဲ့ကြပြီးနောက် ဆဋ္ဌသင်္ဂါယနာတင်ဆရာတော်ကြီးများသည် အဋ္ဌကထာသင်္ဂါယနာနှင့် ဋီကာသင်္ဂါယနာတို့ကိုပါ ဆက်လက်ဆောင်ရွက်တော်မူခဲ့ကြရာ ၁၉၆၂ ခုနှစ်တွင် အလုံးစုံပြီးမြောက်ခဲ့ပါသည်။

**ဆဋ္ဌသင်္ဂါယနာအမွေ**

ဆဋ္ဌသင်္ဂါယနာတင်တော်မူရာတွင် ယခင် သင်္ဂါယနာများနည်းတူ ဗုဒ္ဓဒေသနာတော်များကို နှုတ်ဖြင့်ရွတ်ဆို သင်္ဂါယနာတင်ခဲ့ရုံသာမက ထေရဝါဒဗုဒ္ဓဘာသာ ငါးနိုင်ငံ၏ ကျမ်းစာများနှင့်ပါ တိုက်ဆိုင်စစ်ဆေး၍ ပိဋကသုံးပုံ ပါဠိတော်အုပ်ရေ ၄၀ ကို စနစ်တကျ တည်းဖြတ်ပုံနှိပ်ဆောင်ရွက်နိုင်ခဲ့ခြင်းသည် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး၏ ထူးခြားချက်ဖြစ်ပါသည်။

မူလဆဋ္ဌသင်္ဂါယနာတင်စဉ်ကပင် ပရိယတ္တိသာသနာအကျိုးပြု ပိဋကတ်ကျမ်းစာများကို စာအထားအသို၊ ပုဒ်ပါဌ်အက္ခရာ အစဉ်တကျ ပြင်ဆင်တည်းဖြတ်၍ ဆဋ္ဌသင်္ဂါယနာမူ တစ်မူတည်း ထားရှိရန် ရည်ရွယ်ခဲ့သည့်အတိုင်း ဆဋ္ဌသင်္ဂါယနာတင်ပွဲမစမီ ၁၉၅၃ ခုနှစ် ဩဂုတ်လကပင် ဗုဒ္ဓဘာသာအဖွဲ့ ပုံနှိပ်တိုက်ကြီးကို ကြိုတင်စီစဉ်ထားရှိခဲ့သည်ဖြစ်ရာ ထိုပုံနှိပ်တိုက်ကြီးက ဆဋ္ဌသင်္ဂါယနာတင်တစ်လျှောက်လုံး ဆဋ္ဌသင်္ဂါယနာတင်ပြီးသည့် ကျမ်းစာများကို ဓမ္မာစရိယဘွဲ့ရ ပါဠိပညာရှင်များ အထူးကြီးကြပ်၍ ဆဋ္ဌသင်္ဂါယနာပုံနှိပ်မူကျကျ ပုံနှိပ်ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ ဆဋ္ဌသင်္ဂါယနာတင် သံဃာ့မထေရ်မြတ်ကြီးတို့ အကြိမ်ကြိမ် တည်းဖြတ်ပြီးသည့် ပါဠိတော်ပိဋကတ်ကျမ်းစာများသည် ထေရဝါဒဗုဒ္ဓသာသနာဝင် သင်္ဂါယနာ ခြောက်တန်စလုံးက လိုက်နာကျင့်သုံးခဲ့သော **"လိုသည်ဟု ဖြည့်စွက်မှုမပြုခြင်း၊ ပိုသည်ဟု နုတ်ပယ်မှုမပြုခြင်းနှင့် မူလအတိုင်းထားရှိခြင်း"** ဟူသော ထေရဝါဒမူသုံးရပ်နှင့် ညီညွတ်သဖြင့် ဆဋ္ဌသင်္ဂါယနာမူကျမ်းစာများဟူ၍ ခေါ်ဆိုသတ်မှတ်ခံရသည့်အပြင် ပိဋကတ်တော်များ ယနေ့တိုင်မူကွဲမရှိ ညီညွတ်၍ သန့်ရှင်းစင်ကြယ်စွာ တည်ရှိနေခြင်းသည် ဆဋ္ဌသင်္ဂါယနာ၏ အမွေအနှစ်များပင်ဖြစ်ပါသည်။

**မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး အလွန်ပင်ထွန်းလင်းသည်မှာ ကမ္ဘာကပင် အသိအမှတ်ပြုရပေသည်။ ထိုသို့လျှင် မြတ်စွာဘုရားရှင်၏ သာသနာတော်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက်ကိုလည်း သံဃာတော်အရှင်သူမြတ်ကြီးများက အထူးကြောင့်ကြစိုက်ကြသကဲ့သို့ပင် အဆက်ဆက်သော မင်းအစိုးရများ၊ ပြည်သူ ပြည်သား သူတော်ကောင်းအပေါင်းတို့ကလည်း ဝိုင်းဝန်းစောင့်ရှောက်၍ ထောက်ပံ့လှူဒါန်းခဲ့ကြပါသည်။**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ **အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်သည်** တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် ထမ်းဆောင်စဉ်ကပင် မြန်မာတွင်သာမက ကမ္ဘာပေါ်တွင်ပင် ဉာဏ်တော်အမြင့်ဆုံး ထိုင်တော်မူ စကျင်ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်ကြီးတစ်ဆူ ဦးဆောင် ဘုရားဒကာအဖြစ် တည်ထားခဲ့ပါသည်။ **မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာ ကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်း သာယာမှုဖြစ်စေရန်ဟူသော** ကောင်းမြတ်သော သမ္မာဆန္ဒတို့ဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိ မြို့နယ်တွင် မာရဝိဇယ ဘွဲ့အမည်တော်ဖြင့် ကြည်ညိုသပ္ပာယ်ဖွယ်ရာ ထိုင်တော်မူ စကျင်ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်ကြီးကို ခေတ်မီစက်ကိရိယာများ အသုံးပြု၍ တည်ထားနိုင်ခဲ့ပြီး ယခုအခါ၌ ကမ္ဘာတစ်ဝန်းလုံးမှ ဘုရားဖူးလာ သူတော်ကောင်းအပေါင်းတို့ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်ကြပြီ ဖြစ်ပါသည်။

ထို့ပြင် သာသနာတော်အတွက် မရှိမဖြစ်ဖြစ်သော ပိဋကတ်ကျမ်းစာများ ခိုင်ခိုင်မာမာဖြင့် အရှည်တည်တံ့ရေးအတွက် ရည်သန်၍ ပိဋကသုံးပုံ ပါဠိတော်ကျမ်းစာအုပ်ရေ ၄၀ တို့ကို ပါဠိ-ရှိမန်နှစ်ဘာသာဖြင့် ကျောက်ထက်အက္ခရာတင်၍ ကျောက်စာမျက်နှာအားဖြင့် ၂၈၀၀ ရှိသော ကျောက်စာချပ်ရေ ၁၄၄၀ ချပ်တို့အား စေတီတော် ၇၂၀ တို့အတွင်း ထည့်သွင်းစိုက်ထူ၍ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပရိဝုဏ်အတွင်း တည်ထားပူဇော်ထားသည်ကိုလည်း လေ့လာပူဇော်နိုင်ပါသည်။ တစ်ချိန်တည်းတွင်ပင် ကွန်ပျူတာစာစီ ပါဠိ-ရှိမန် ပိဋကသုံးပုံ ကျမ်းစာအုပ်များကိုလည်း ပြုစုနိုင်ခဲ့ပြီး အကောင်းစားစက္ကူများအသုံးပြု၍ သပ်ရပ်စွာ ချုပ်လုပ်ပြီး ပြည်တွင်း ပြည်ပရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက်များသို့ ပေးပို့လှူဒါန်းနိုင်ခဲ့ပါသည်။

ထို့ပြင် နိုင်ငံတော်သမ္မတကြီးသည် ဆဋ္ဌသင်္ဂါယနာမူ အဋ္ဌကထာကျမ်းစာအုပ်တို့ကိုလည်း ပိုမိုသန့်ရှင်းသော မူကောင်းမူသန့်များဖြစ်စေရန်၊ စာချစာသင် သံဃာတော်များ ပိုမိုတွင်ကျယ်စွာဖြင့် လေ့လာသင်ယူနိုင်စေရန်နှင့် အရှည်တည်တံ့စေရန်ရည်ရွယ်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအား မူလခဲစာလုံးမူမှ ကွန်ပျူတာစာစီမူသို့ ခေတ်နှင့်အညီ ပြောင်းလဲဆောင်ရွက်နိုင်ရေး လမ်းညွှန်ခဲ့ရာ **အဋ္ဌကထာ ကျမ်းစာ** ၅၁ အုပ်ကို ကွန်ပျူတာစာစီမူဖြင့် အောင်မြင်စွာ ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ပြီး **ဋီကာကျမ်းစာ** ၂၆ အုပ်တို့ကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

ဤသို့လျှင် မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက်မှစ၍ပင် ရဟန္တာမထေရ်မြတ်ကြီးများ အမှူးထားသော သံဃာတော် အရှင်သူမြတ်ကြီးများ၊ ဦးဆောင်သူ မင်းအစိုးရများနှင့် ရှေးသူတော်ကောင်းအပေါင်းတို့သည် မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားတော်မူရေးအတွက် ကြိုးစားတော်မူခဲ့ကြသည်မှာ ဆဋ္ဌသင်္ဂါယနာအထိပင်ဖြစ်ပါသည်။ ဆဋ္ဌသင်္ဂါယနာတင်ခြင်းသည်လည်း သာသနာနှစ် ၂၅၀၀ အချိန်တွင် တင်ခဲ့ရာ နှစ်ပေါင်း ၇၀ ကြာမြင့်လေပြီ။ ယခုအခါ ဆဋ္ဌသင်္ဂါယနာ နှစ် ၇၀ ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား အောင်ပွဲကြီးကို မူလကျင်းပခဲ့ရာ ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီးတွင် ကောဇာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ သာသနာနှစ် ၂၅၇၀ ပြည့်၊ ကဆုန်လပြည့် ဗုဒ္ဓနေ့၌ ကြီးကျယ်ခမ်းနားစည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသဖြင့် မုဒိတာပွား ဝမ်းမြောက်ကြစေရန် ရေးသားတင်ပြလိုက်ပါသည်။ ။

**❛ ဆဋ္ဌသင်္ဂါယနာတင်တော်မူရာတွင် ယခင် သင်္ဂါယနာများနည်းတူ ဗုဒ္ဓဒေသနာတော်များကို နှုတ်ဖြင့်ရွတ်ဆို သင်္ဂါယနာတင်ခဲ့ရုံသာမက ထေရဝါဒ ဗုဒ္ဓဘာသာ ငါးနိုင်ငံ၏ ကျမ်းစာများနှင့်ပါ တိုက်ဆိုင်စစ်ဆေး၍ ပိဋကသုံးပုံ ပါဠိတော်အုပ်ရေ ၄၀ ကို စနစ်တကျ တည်းဖြတ်ပုံနှိပ်ဆောင်ရွက်နိုင်ခဲ့ခြင်းသည် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး၏ ထူးခြားချက်ဖြစ် ❜**

# အစိုးရ၏ ရက်(၁၀၀)အတွင်း ဦးစားပေးဆောင်ရွက်မည့်စီမံကိန်းများနှင့် ချိတ်ဆက်အကောင်အထည်ဖော်နိုင်ရေး ရှင်းလင်းမှာကြား

**နေပြည်တော် မေ ၂၈**

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များနှင့် အစိုးရ၏ ရက်(၁၀၀) အတွင်း ဦးစားပေးဆောင်ရွက်မည့် စီမံကိန်းများ အကောင်အထည်ဖော်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃၂)၌ ကျင်းပသည်။

အဆိုပါ ရှင်းလင်းပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်ထင်နှင့် ဦးသန့်စင်လွင်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်ဖြစ်သည့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးကို အလေးထား၍ ဦးစားပေးဆောင်ရွက်သွားရန်ဖြစ်ကြောင်း မိမိတို့ဝန်ကြီးဌာနအနေဖြင့် အစိုးရ၏ ရက်(၁၀၀)အတွင်း ဆောင်ရွက်မည့် စီမံကိန်များကို ဒေသန္တရစီမံကိန်း၊ ကဏ္ဍစီမံကိန်းများဖြင့် ချိတ်ဆက်စိစစ်၍ အမျိုးသားစီမံကိန်းပါ လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားကြရန် လိုကြောင်း။

နိုင်ငံ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍများနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းဥပဒေနှင့် ဒေသန္တရစီမံကိန်းဥပဒေပါ လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများ၏ အကောင်အထည်ဖော်မှု အခြေအနေများကို မြေပြင်ကွင်းဆင်းစိစစ်ပြီး အစီရင်ခံပြုစုတင်ပြခြင်း၊ GDP ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် အသုံးပြုနေသော ငွေလုံးငွေရင်းအသုံးစရိတ်များနှင့် စပ်လျဉ်း၍ စိစစ်ခြင်းများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူချောမွေ့စေရေးနှင့် ပိုမိုဝင်ရောက်လာစေရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်သည့် ဌာန/ အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များအား အသိပညာ မျှဝေပေးနိုင်ရေး၊ ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းခြင်းများ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း ပန်ကြပ်ဆီလတ်နည်းပြသင်တန်းဖွင့်ပွဲ တက်ရောက်



**ရန်ကုန် မေ ၂၈**

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပန်ကြပ်ဆီလတ်အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ပန်ကြပ်ဆီလတ်နည်းပြသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲသို့ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံပန်ကြပ်ဆီလတ်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ သင်တန်းနည်းပြ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက ပန်ကြပ်ဆီလတ်နည်းပြသင်တန်း ဖွင့်လှစ်ပေးခြင်းဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ် ပန်ကြပ်ဆီလတ်ပြိုင်ပွဲတွင် အသုံးပြုမည့် နည်းစနစ်များ၊ အမှတ်ပေးစည်းမျဉ်းနှင့် စည်းကမ်းများကို တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ နည်းပြများနှင့် အားကစားသမားများ ပိုမိုသိရှိနားလည်၍ ပြိုင်ပွဲများတွင် အောင်မြင်မှုရရှိပြီး အရည်အသွေးပြည့်ဝသည့် နည်းပြကောင်းများ ပေါ်ထွက်လာစေမည်ဖြစ်ပါကြောင်း၊ နည်းပြများအနေဖြင့် သင်တန်းတွင် သင်ကြားပို့ချပေးမည့် ဥပဒေနှင့် နည်းစနစ်များကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အကျိုးရှိစွာ ပြန်လည်အသုံးချပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် မျိုးဆက်သစ်အားကစားသမားကောင်းများ မွေးထုတ်ပေးနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စမ်းချောင်းမြို့နယ်ရှိ ပဒုမ္မာအားကစားကွင်း၌ တိုင်းဒေသကြီးနှင့် ပြည်နယ် U-18 အမျိုးသားဘောလုံးရှုံး/ထွက်ပြိုင်ပွဲ ကျင်းပပြုလုပ်နိုင်ရေး ဘောလုံးကွင်းကောင်းမွန်စေရန်ပြင်ဆင်ထားရှိမှုများ၊ ဘောလုံးကွင်းအတွင်း အလံတိုင်၊ ဂိုးတိုင်၊ ဂိုးပိုက်များနှင့် ကွင်းပတ်လည်နံရံပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်အတိုင်း ရက် ၁၀၀ အတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို စနစ်တကျ လုပ်ကိုင်ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲများရှိပါက အချိန်နှင့်တစ်ပြေးညီ သတင်းပို့တင်ပြဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ သန်လျင်ခရိုင် သီဟဒီပ အားကစားကွင်းရှိ ဘောလုံးကွင်း၊ ပွဲကြည့်စင်၊ ရေလှောင်ကန်၊ ရေကူးကန်၊ ပြိုင်ပွဲရုံ(က) သီဟဒီပအားကစားခန်းမနှင့် ဖူဆယ်အားကစားကွင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး အားကစားကွင်း/ အားကစားရုံအတွင်း ပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပပြုလုပ်၍ မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်းရှိ ပဒေသာအားကစားခန်းမနှင့် ဘောလုံးကွင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ အရာထမ်း/အမှုထမ်းများနှင့်တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတ၏ ရက် ၁၀၀ အတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်၊ Smart School နှင့် Football For School Program အရ ဘောလုံးအားကစား ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်နေသကဲ့သို့ အခြားအားကစားနည်းများကို အားထည့်၍ ဆောင်ရွက်သွားစေလိုကြောင်း၊ ပြည်သူလူထုအမြင်၌ အားကစားယဉ်ကျေးမှုတစ်ရပ် ဖြစ်ပေါ်လာစေရန်နှင့် အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် တက်ညီလက်ညီဖြင့် အတူတကွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများ၏ တင်ပြချက်များနှင့် အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဟင်္သာတခရိုင် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မေ ၂၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့နံနက်ပိုင်းက ဝန်ကြီးဌာနအောက်ရှိ ခရိုင်၊ မြို့နယ် တာဝန်ရှိသူများနှင့် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံရာ တာဝန်ရှိသူများက ဟင်္သာတခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။



တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက ဟင်္သာတခရိုင်အတွင်း ဒေသနှင့်ကိုက်ညီသည့် သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် ပန်းတိုင်အထွက်နှုန်း ရရှိစေရေး၊ ကိန်းဂဏန်း အချက်အလက်များ မှန်ကန်စေရေး၊ မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သစ်စိမ်းမြေဩဇာကြဲပက်ခြင်း ပညာပေးလုပ်ငန်းများ မြို့နယ်အလိုက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရေး၊ ဆီထွက်သီးနှံနေကြာ တိုးချဲ့စိုက်ပျိုးခြင်းနှင့်အတူ ပျားမွေးမြူရေးပါတွဲဖက်လုပ်ကိုင်ရေး၊ ကူးစက်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း အပါအဝင် မျိုးမြှင့်တင်ရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြရေး၊ စိုက်ပျိုးရေဖူလုံစွာရရှိစေရေး၊ ဒေသတွင်း ထွန်ယက်စိုက်ပျိုးနိုင်သည့် စက်ယန္တရားများ လုံလောက်မှုရှိစေရေး၊ အနိမ့်တင်ဆိုလာရေတင်စနစ်များ ကျယ်ပြန့်စွာ အသုံးပြုနိုင်ရေးနှင့် မိုးရာသီမတိုင်မီ တာတမံပြုပြင်ခြင်းလုပ်ငန်းများ အလေးထားဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဟင်္သာတမြို့ စက်မှုလယ်ယာဦးစီးဌာနအောက်ရှိ အမှတ်(၂) အလတ်စား စက်ပြင်အလုပ်ရုံ၌ စက်ရုံတာဝန်ခံများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ယခုဘဏ္ဍာနှစ်အတွင်း တောင်သူပညာပေးသင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး၊ ခေတ်နှင့်လျော်ညီစွာ တောင်သူပိုင် လယ်ယာသုံးစက်ကိရိယာများ ပိုမိုပြင်ဆင်နိုင်ရေး ဆွေးနွေးမှာကြားကာ အလုပ်ရုံအတွင်း စက်ကိရိယာပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဇလွန်မြို့နယ် ဧရာဝတီ-ဟင်္သာတ တာမိုင် (၃၅/၃) အနီးတာအိတာလျှော ဖြစ်ပွားမှုအား အခိုင်အမာပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အရည်အသွေး ပြည့်မီရေးနှင့် မိုးရာသီမတိုင်မီ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်နိုင်ရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဧရာဝတီ - ဟင်္သာတတာသည် တာမိုင်အရှည် အလျား ၈၃ ဒသမ ၈၇ မိုင်ရှိပြီး ဟင်္သာတ၊ ဇလွန်၊ ဓနုဖြူ၊ ပန်းတနော်မြို့နယ် လေးမြို့နယ်အတွင်း ရေဘေးကာကွယ်ဧရိယာ ၃၃၉၃၈၁ ဧကကို ရေကြီးနစ်မြုပ်မှု အန္တရာယ်မှ ကာကွယ်ထားရှိသော တာတစ်ခုဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းသည် ယနေ့ နံနက်ပိုင်းက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မန္တလေးတိုင်းဒေသကြီးအတွင်း သမဝါယမစနစ်ဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်မှု အခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနရုံး၌ ဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဦးစီးဌာနများမှဝန်ထမ်းများ၊ တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်၊ မြို့နယ်အသင်းအမှုဆောင်များ၊ အသင်းသားများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သမဝါယမစနစ်ကို မဏ္ဍိုင်ပြု၍ ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုး၍ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်လမ်းတံတားများ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အစိုးရအဖွဲ့၏ ရက်ပေါင်း(၁၀၀)အတွင်း မိမိတို့ ဝန်ကြီးဌာနက ကျေးလက်ရေရရှိရေးလုပ်ငန်း၊ ဆိုလာရေတင်စနစ်ဖြင့် သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေး၊ ကျေးလက်အခြေခံအဆောက်အအုံများဖွံ့ဖြိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီး၍ မိသားစုဝင်ငွေ တိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် သတင်းအချက်အလက် မှန်မှန်ကန်ကန်ကောက်ယူပြီး တောင်သူများ၊ ကျေးလက်နေပြည်သူများအား စနစ်ကျသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လာစေရေး စည်းရုံးဆောင်ရွက်ကြရန်နှင့် စည်းရုံးရေးမှူးကောင်းများ၊ ပေါင်းစပ်ညှိနှိုင်းရေးမှူးကောင်းများဖြစ်အောင် စေတနာထားဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ပုသိမ်ကြီးမြို့နယ် နန္ဒာ(တောင်) ကျေးရွာရှိ နွေစပါးစိုက်တောင်သူများနှင့်တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက ဈေးနှုန်းသက်သာသော သွင်းအားစုများကို တောင်သူလယ်ဝယ် စိုက်ပျိုးချိန် အမီရောက်ရှိရန် ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကတို့ ပူးပေါင်းကာ ယူရီးယားမြေဩဇာများ ရောင်းချပေးလျက်ရှိပါကြောင်း ဆွေးနွေးပြောကြားပြီး ဒေသခံတောင်သူများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စဉ့်ကိုင်မြို့နယ် ထန်းသုံးပင်စံပြကျေးရွာ ကျေးရွာဘက်စုံသုံးခန်းမ၌ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) မှ အစုအဖွဲ့စနစ်ဖြင့် မွေးမြူထားသော နို့စားနွားနှင့် ဆိတ်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ခေတ်မီစံပြကျေးရွာ ထူထောင်ခြင်းစီမံကိန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ကျေးရွာ ၁၇၅ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၆၀ ကို ဆက်လက် တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်း (မိတ္ထီလာ)သို့လည်းကောင်း၊ ပျော်ဘွယ်မြို့နယ် ငွေးဇီးကျေးရွာရှိ ကျွန်းရွှေဝါလယ်ယာနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်း၏ မိုးကြိုဝါစိုက်ပျိုးထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဆင္ဒသဂ်ီယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားတွင် သီတဂူဆရာတော်ကြီး၏ အထူးတရားပွဲဓမ္မသဘင်နှင့် စာတမ်းဖတ်ပွဲများ ကျင်းပမည်

**နေပြည်တော် မေ ၂၈**

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကြီးကို ၁၃၈၈ ခုနှစ် ကဆုန်လပြည့်နေ့မှ ကဆုန်လပြည့်ကျော် ၂ ရက်အထိ (ဧပြီ ၃၀ ရက်မှ မေ ၂ ရက်အထိ) ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်သည်။

ဧပြီ ၃၀ ရက် ညပိုင်းတွင် သီတဂူဆရာတော်ကြီး၏ အထူးတရားပွဲဓမ္မသဘင်ကိုလည်းကောင်း၊ မေ ၁ ရက်နှင့် ၂ ရက်တို့တွင် စာတမ်းဖတ်ပွဲများကိုလည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# ရန်ကုန်မြို့၌ လေထုအရည်အသွေး တိုင်းတာရေးစက်နှစ်လုံး လွှဲပြောင်းလက်ခံခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန် မေ ၂၈**

ရေရှည်တည်တံ့သော အာဆီယံဖြစ်စေရေး သန့်ရှင်းသောလေထုဆိုင်ရာစီမံကိန်း၏ (Clean Air For Sustainable ASEAN (CASA) Project)မှ ပေးအပ်သည့် Air Quality Monitoring Station (AQMS) လေထုအရည်အသွေး တိုင်းတာရေး စက်နှစ်လုံး လွှဲပြောင်းလက်ခံခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ CASA Project မှ တာဝန်ရှိသူများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး Clean Air For Sustainable ASEAN (CASA) Project စီမံကိန်းဆိုင်ရာ Video Clip ကို ပြသသည်။

ထို့နောက် တာဝန်ရှိသူများက စီမံကိန်းမှပေးအပ်သည့် Air Quality Monitoring Station (AQMS) လေထုအရည်အသွေး တိုင်းတာရေးစက် နှစ်လုံးကို လွှဲပြောင်းလက်ခံခြင်း မှတ်တမ်းတွင် လက်မှတ်ရေးထိုးကြပြီး Clean Air For Sustainable ASEAN (CASA) Project စီမံကိန်း၏ တာဝန်ရှိသူ Seoul National University မှ Professor Mr. Ki Young Lee က ကျေးဇူးတင်စကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ၂၀၂၅ – ၂၀၂၆ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ ဩဝါဒခံယူပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**




# ထန်းတပင်မြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

**ရန်ကုန် မေ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် သစ်တောဦးစီးဌာနက သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဧပြီ ၂၆ ရက် နံနက်ပိုင်းက ခနဲရိကျေးရွာ အမကနှင့် အေးရွာလေးကျေးရွာ ဘုန်းတော်ကြီးကျောင်းတို့၌ ကျင်းပသည်။

**အသိပညာပေး**

ဦးစွာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးဌာနမှူး ဦးနိုင်လင်းထွန်းက ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များအကြောင်း၊ သစ်တောများကပေးစွမ်းနိုင်သည့် ဂေဟစနစ်ဆိုင်ရာအကျိုးကျေးဇူးများ၊ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးတွင် သစ်တောများ၏အရေးပါမှု၊ အကျိုးကျေးဇူးများနှင့် မီးခိုးမြူငွေ့လျှော့ချရေးအတွက် Fire Hotspots များ လျော့နည်းကျဆင်းအောင် တောမီးရှို့ခြင်း၊ လယ်ယာများမီးရှို့ခြင်းများ မပြုလုပ်ရန်၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေး ဆောင်ရွက်နေမှုအခြေအနေများကို တက်ရောက်လာကြသည့် ကျေးရွာနေပြည်သူများအား အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ကျေးရွာနေပြည်သူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းကြရာ မြို့နယ်ဦးစီးဌာနမှူးက ပြန်လည် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# ကဆုန်လပြည့် ဗုဒ္ဓနေ့နှင့် စိမ်းလန်းစိုပြည်သော ညောင်ရေသွန်းပွဲတော်

ရွှေစင်ထွန်း (အညာမြေ)

မြန်မာ့ဆယ့်နှစ်လရာသီတွင် ဒုတိယမြောက်လဖြစ်သော ကဆုန်လသည် နွေအပူရှိန် အမြင့်ဆုံးအချိန်ဖြစ်သကဲ့သို့ "ကဆုန်လက ရေစင်စင်၊ ညောင်ရေသွန်းမြဲပင်" ဟူသော ဆိုရိုးနှင့်အညီ ရေစင်အေးမြမှုတို့ဖြင့် ပြည့်နှက်နေသည့် လတစ်လဖြစ်ပါသည်။ ဤလသည် ဗုဒ္ဓဘာသာဝင်တို့အတွက် အလွန်တရာ ထူးခြားမွန်မြတ်လှသည့် "ဗုဒ္ဓနေ့" ကျရောက်ရာလဖြစ်ပြီး သဘာဝတရား၏ အပူဒဏ်ကို ဘာသာရေးအသိ၊ ယဉ်ကျေးမှုသတိတို့ဖြင့် အနိုင်ယူကာ သစ်ပင်သစ်တောများ စိမ်းလန်းစိုပြည်စေရန် ဝိုင်းဝန်းပြုစုသည့် မြင့်မြတ်သော ရာသီအချိန်အခါလည်းဖြစ်ပါသည်။



**နွေဦးအလွန် ကဆုန်လ၏ ရာသီအလှ**

ကဆုန်လသည် တန်ခူးလ၏ နွေအငွေ့အသက်ကို ဆက်ခံထားသော်လည်း မိုးဦးလေဦး၏ အရိပ်အယောင်များ စတင်သန်းလာသောလဖြစ်ပါသည်။ သစ်ပင်ကြီးများတွင် သစ်ရွက်နုများ စိမ်းစိုလာပြီး လေရှူးသုန်သုန်တိုက်ခတ်ရာ၌ မွှေးရနံ့များ ပါရှိနေတတ်ပါသည်။ တောတောင်ရေမြေတို့သည် အပူရှိန်ကြောင့် ခေတ္တညှိုးနွမ်းနေစေကာမူ ကောင်းကင်ပြာထက်တွင် ဝိသာခါနက္ခတ်၏ ထွန်းလင်းမှုနှင့်အတူ သဘာဝတရားက ရာသီအကူးအပြောင်းအတွက် ပြင်ဆင်နေသည့် အလှတရားများကို တွေ့မြင်နိုင်ပါသည်။

**ပုဏ္ဏမီနှင့် ဝိသာခါနက္ခတ်တို့၏ ဆုံစည်းမှု**

ကဆုန်လပြည့်နေ့သည် ဝိသာခါနက္ခတ်နှင့် လမင်းတို့ ယှဉ်တွဲစံပယ်သော နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ ဤနေ့ကို အကြောင်းပြု၍ ကမ္ဘာတစ်ဝန်းရှိ ဗုဒ္ဓဘာသာဝင်တို့က "ဝိသာခါနေ့" (Vesak Day) အဖြစ် သတ်မှတ်ကာ ကုသိုလ်တရားများ ပွားများကြပါသည်။ နက္ခတ်ဗေဒင်အရလည်း ကဆုန်လသည် မြေဓာတ်၊ ရေဓာတ်တို့ မျှတအောင် ဖြည့်ဆည်းရမည့်ကာလဖြစ်သဖြင့် ရေစင်သွန်းလောင်းခြင်းကဲ့သို့သော မွန်မြတ်သည့်အမှုများကို လုပ်ဆောင်ကြခြင်းဖြစ်ပါသည်။

**ဗုဒ္ဓဝင်မှတ်တိုင်နှင့် ကဆုန်လပြည့်**

ဘုရားအလောင်းတော် ဖွားဒိတ်ခံယူခြင်း၊ ဖွားမြင်ခြင်း၊ ဘုရားအဖြစ်သို့ ရောက်ရှိခြင်းနှင့် ပရိနိဗ္ဗာန်စံဝင်ခြင်းတည်းဟူသော အဖြစ်အပျက် လေးရပ်စလုံးသည် ကဆုန်လပြည့်နေ့၌ပင် ဖြစ်ပေါ်ခဲ့သဖြင့် ဤလကို "ဗုဒ္ဓနေ့" ဟူ၍ အလေးအမြတ်ထားကြခြင်းဖြစ်ပါသည်။ ဤကဲ့သို့သော တိုက်ဆိုင်မှုများသည် ဗုဒ္ဓဘာသာဝင်တို့အတွက် အလွန်ခဲယဉ်းလှစွာသော ကြုံကြိုက်မှုများဖြစ်ရာ ကဆုန်လပြည့်နေ့ရောက်တိုင်း စိတ်နှလုံးထဲတွင် ကြည်ညိုသဒ္ဓါတရားများ လွန်စွာပွားများလာရပါသည်။

**မဟာဗောဓိပင်၏ မြင့်မြတ်သောဂုဏ်ရည်**

မြတ်စွာဘုရားရှင် သစ္စာလေးပါး သိမြင်တော်မူရာ မဟာဗောဓိပင်သည် ဗုဒ္ဓဘာသာဝင်တို့အတွက် အထွတ်အမြတ်ထားရာ စေတီတစ်ဆူဖြစ်ပါသည်။ ထိုမဟာဗောဓိပင်ကိုအမှီပြု၍ ညောင်ရေသွန်းပွဲတော်သည် မြန်မာ့လူမှုအဖွဲ့အစည်းတွင် အခိုင်အမာရှင်သန်လာခဲ့ပါသည်။ ဗောဓိညောင်ပင်သည် ဘုရားရှင်၏ အောင်မြေအဖြစ်လည်းကောင်း၊ တရားဓမ္မ၏ သင်္ကေတအဖြစ်လည်းကောင်း တည်ရှိနေခြင်းကြောင့် ၎င်းကို ပြုစုစောင့်ရှောက်ခြင်းမှာ သာသနာကို ပူဇော်ခြင်းပင်ဖြစ်ပါသည်။

**ညောင်ရေသွန်းလောင်းခြင်း၏ အတွေးအမြင်နှင့် ယဉ်ကျေးမှု**

ပူပြင်းလှသော ကဆုန်လတွင် ဗောဓိညောင်ပင်များ အပူဒဏ်ကြောင့် ညှိုးနွမ်းခြင်းမရှိစေရန် ရေစင်သွန်းလောင်းခြင်းသည် အပင်ကို ပြုစုစောင့်ရှောက်ခြင်းဖြစ်သကဲ့သို့ မိမိတို့၏စိတ်နှလုံးကိုလည်း အေးချမ်းစေသည့်လုပ်ရပ်ဖြစ်ပါသည်။ ဤဓလေ့သည် ရှေးမြန်မာမင်းများ လက်ထက်ကတည်းက နန်းတွင်းရော ပြည်သူကြားပါ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပလာခဲ့သော အမျိုးသားရေးယဉ်ကျေးမှု လက္ခဏာတစ်ရပ်ဖြစ်ပါသည်။

**"ဘုရားအလောင်းတော် ဖွားဒိတ်ခံယူခြင်း၊ ဖွားမြင်ခြင်း၊ ဘုရားအဖြစ်သို့ ရောက်ရှိခြင်းနှင့် ပရိနိဗ္ဗာန်စံဝင်ခြင်းတည်းဟူသော အဖြစ်အပျက် လေးရပ်စလုံးသည် ကဆုန်လပြည့်နေ့၌ပင် ဖြစ်ပေါ်ခဲ့သဖြင့် ဤလကို "ဗုဒ္ဓနေ့" ဟူ၍ အလေးအမြတ်ထားကြခြင်းဖြစ်ပါသည်။ ဤကဲ့သို့သော တိုက်ဆိုင်မှုများသည် ဗုဒ္ဓဘာသာဝင်တို့အတွက် အလွန်ခဲယဉ်းလှစွာသော ကြုံကြိုက်မှုများဖြစ်ရာ ကဆုန်လပြည့်နေ့ရောက်တိုင်း စိတ်နှလုံးထဲတွင် ကြည်ညိုသဒ္ဓါတရားများ လွန်စွာပွားများလာရ"**

**စည်းလုံးညီညွတ်မှုပြယုဂ်ဖြစ်သော ပွဲတော်မြင်ကွင်း**

ညောင်ရေသွန်းပွဲတော်သည် ရပ်ကွက်၊ ကျေးရွာအတွင်းရှိ လူငယ်လူကြီးအားလုံး တပျော်တပါး စုပေါင်းပါဝင်ကြသော ပွဲတော်တစ်ခုဖြစ်ပါသည်။ ရေအိုးကိုယ်စီရွက်ကာ ရေပက်ဖျန်းကြသူများနှင့်အတူတကွ သွားလာကြသည့်မြင်ကွင်းမှာ ချစ်စဖွယ် မြန်မာ့ရိုးရာယဉ်ကျေးမှုပင်ဖြစ်ပါသည်။ ဤပွဲတော်သည် တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီမှုနှင့် စုပေါင်းလုပ်ဆောင်တတ်သော စရိုက်လက္ခဏာကို ပေါ်လွင်စေပါသည်။

**သဘာဝပတ်ဝန်းကျင်နှင့် ကဆုန်လ၏ဆက်စပ်မှု**

ဤရာသီသည် သစ်ပင်စိုက်ပျိုးရန်နှင့် ရှိရင်းစွဲသစ်ပင်ကြီးများကို ထိန်းသိမ်းရန် အကောင်းဆုံးအချိန်ဖြစ်ပါသည်။ ညောင်ရေသွန်းခြင်းသည် ဘာသာရေးအရသာမက သစ်တောသစ်ပင် ချစ်မြတ်နိုးရေးဟူသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိကိုလည်း နှိုးဆော်ပေးပါသည်။ ကမ္ဘာကြီးပူနွေးလာမှုကို ကာကွယ်ရန်အတွက် သစ်ပင်များကို ရေလောင်းပေါင်းသင်ခြင်းသည် လက်တွေ့ကျသော ကုသိုလ်တစ်မျိုးဖြစ်ကြောင်း ကဆုန်လက သတိပေးနေခြင်းဖြစ်ပါသည်။

**စံပယ်ပန်းရနံ့နှင့် ကဆုန်လရသ**

ကဆုန်လသည် စံပယ်ပန်းများ ဝေဝေဆာဆာ ပွင့်သောလဖြစ်ပါသည်။ ဘုရားရှင်အား စံပယ်ပန်းများဖြင့် ပူဇော်ခြင်းနှင့် ညောင်ရေသွန်းခြင်းမှာ ကဆုန်လ၏ ဝိသေသတစ်ခုပင်ဖြစ်ပါသည်။ စံပယ်၏ဖြူစင်မှုနှင့် မွှေးပျံ့မှုသည် ကဆုန်လပြည့်ည၏ လရောင်အောက်တွင် ပိုမိုထူးခြားသော အလှတရားကို ဖန်တီးပေးစွမ်းနိုင်ပါသည်။

**ကဆုန်လပြည့်နေ့၏ ကုသိုလ်ပွားများပုံ**

ကဆုန်လပြည့်နေ့တွင် ဥပုသ်သီလဆောက်တည်ခြင်း၊ ပဋ္ဌာန်းရွတ်ဆိုခြင်းနှင့် သတ္တဝါအပေါင်းကို မေတ္တာပို့သခြင်းတို့ဖြင့် မြန်မာတို့သည် စိတ်ဓာတ်ခွန်အားကို မြှင့်တင်ကြပါသည်။ ဘုရားကျောင်းကန်များတွင် ဆွမ်းလောင်းခြင်း၊ အလှူအတန်းပြုခြင်းနှင့် ညောင်ရေသွန်းခြင်းတို့မှာ တစ်နေ့တာလုံး မအားလပ်နိုင်အောင်ပင် မြူးကြွနေသည့် ကုသိုလ်ရေးရာ လှုပ်ရှားမှုများဖြစ်ကြပါသည်။

**ဓမ္မအရိပ်နှင့် ညောင်ပင်၏ အေးရိပ်**

"ဗောဓိ" ဟူသည် အသိဉာဏ်ကို ဆိုလိုပါသည်။ ညောင်ပင်၏ အေးရိပ်အောက်တွင် အေးချမ်းမှုရသကဲ့သို့ ဗုဒ္ဓ၏ တရားတော်အရိပ်အောက်တွင်လည်း ဘဝ၏ အပူတရားများ ငြိမ်းအေးနိုင်ကြောင်းကို လေးနက်စွာ ခံစားရသောလဖြစ်ပါသည်။ ညောင်ရွက်လေးများ လေအဝှေ့တွင် လှုပ်ခတ်နေသံသည်ပင်လျှင် ငြိမ်းချမ်းသော တရားသံများကို ဆောင်ယူလာသကဲ့သို့ ထင်မှတ်ဖွယ်ရှိပါသည်။

**ကျေးလက်ဓလေ့နှင့် ကဆုန်လ၏ သက်ဝင်မှု**

ကျေးလက်ဒေသများတွင် ကဆုန်လသည် လယ်ယာလုပ်ငန်းခွင် မစတင်မီ နားနားနေနေရှိကြသည့်အချိန်ဖြစ်သော်လည်း ညောင်ရေသွန်းပွဲကိုမူ ရိုးရာမပျက်၊ အရှိန်အဟုန်မပြတ် ကျင်းပလေ့ရှိကြပါသည်။ တောရွာဓလေ့အတိုင်း အိုးစည်ဗုံမောင်းများဖြင့် ကခုန်ပျော်ရွှင်ကာ ဗောဓိညောင်ပင်ဆီသို့ ချီတက်ကြသည့်မြင်ကွင်းမှာ လွန်စွာအနှစ်သာရရှိလှပါသည်။

**မြို့ပြယဉ်ကျေးမှုနှင့် ညောင်ရေသွန်းပွဲတော်**

မြို့ပြဒေသများတွင်လည်း စေတီပုထိုးများရှိ မဟာဗောဓိပင်များ၌ ရေစင်သွန်းလောင်းကာ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ခေတ်အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြပါသည်။ လူဦးရေထူထပ်သောမြို့ကြီးများ၌ပင် ကဆုန်လပြည့်နေ့တွင် ရဟန်းရှင်လူအပေါင်းက မိမိတို့၏ အလုပ်တာဝန်များကို ခေတ္တဘေးဖယ်ကာ ဘုရားကျောင်းကန်များသို့ စုရုံးရောက်ရှိလာကြပါသည်။

**ကဆုန်လ၏ ရာသီဥတုနှင့် ကျန်းမာရေး**

အလွန်ပူပြင်းသော ရာသီဖြစ်သဖြင့် ကျန်းမာရေးကို ဂရုပြုရသည့်ကာလဖြစ်ပါသည်။ ညောင်ရေသွန်းပွဲသို့ သွားရောက်ရာတွင် အပူဒဏ်ကို အကာအကွယ်ယူခြင်းနှင့် အေးမြသောရေစင်ကို သုံးစွဲခြင်းက စိတ်ရောလူပါ လန်းဆန်းစေပါသည်။ နေပူရှိန်ပြင်းထန်ချိန်၌ ရေများများသောက်ရန်နှင့် အေးမြသောနေရာများတွင် ခိုလှုံရန်လိုအပ်သကဲ့သို့ စိတ်ကိုလည်း ဒေါသအပူမမိစေရန် ထိန်းသိမ်းရပါမည်။

**လူငယ်များနှင့် ယဉ်ကျေးမှု အစဉ်အလာ လက်ဆင့်ကမ်းခြင်း**

ညောင်ရေသွန်းပွဲသည် လူငယ်များအတွက် မိမိတို့၏ဘာသာ၊ သာသနာနှင့် ယဉ်ကျေးမှုကို တန်ဖိုးထားတတ်စေရန် လက်တွေ့သင်ကြားပေးသည့် ပွဲတော်တစ်ခုလည်းဖြစ်ပါသည်။ မိဘဘိုးဘွားများ၏လက်ကိုဆွဲကာ ညောင်ရေလောင်းသွားကြသော ကလေးငယ်များသည် နောင်တစ်ချိန်တွင် ဤရိုးရာကို ဆက်လက်ထိန်းသိမ်းမည့် မျိုးဆက်သစ်များပင်ဖြစ်ပါသည်။

**စေတနာနှင့် ဝေယျာဝစ္စ၏တန်ဖိုး**

ပွဲတော်ရက်အတွင်း ရေအိုးများ သယ်ဆောင်ပေးခြင်း၊ ရေစစ်ပေးခြင်းနှင့် ညောင်ပင်ရင်း၌ သန့်ရှင်းရေးပြုလုပ်ခြင်းတို့မှာ မြန်မာတို့၏ စေတနာနှင့် အနစ်နာခံမှုကို ဖော်ပြနေပါသည်။ ဘာသာရေးဝတ်ပြုမှုသာမက အများကောင်းကျိုးအတွက် ကိုယ်တိုင်ကိုယ်ကျ ပါဝင်လုပ်ဆောင်သည့် ဝေယျာဝစ္စကုသိုလ်မှာ ကဆုန်လ၏အလှကို ပိုမိုတောက်ပစေပါသည်။

**မေတ္တာရေစင်နှင့် ငြိမ်းချမ်းရေး**

ညောင်ပင်ကို ရေလောင်းရာ၌ "ကမ္ဘာသူ ကမ္ဘာသားအပေါင်း အေးချမ်းပါစေ"ဟူသော ဆုတောင်းများ ပါရှိနေတတ်ပါသည်။ ထိုမေတ္တာရေစင်သည်

**စာမျက်နှာ ၁၁ သို့** ◆

# အရာထမ်းလောင်း(အထူး) သင်တန်း အမှတ်စဉ်(၁၅) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဧပြီ ၂၈



အရာထမ်းလောင်း (အထူး) သင်တန်း အမှတ်စဉ်(၁၅)၏ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ညနေပိုင်းက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိဃ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစိုးတင့်နှင့် အမြဲတမ်းအတွင်းဝန် ဦးမြင့်ဆွေ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက သင်တန်းသား သင်တန်းသူများသည် ပြန်တမ်းဝင်အရာရှိဖြစ်လာရန် အဆင့်ဆင့်ကိုကျော်ဖြတ်ပြီး ဝန်ကြီးဌာန၊ အဖွဲ့အစည်းအသီးသီး၌ လစ်လပ်နေသည့် စတင်ခန့်ရာထူးနေရာများအတွက် ရွေးချယ်ခံခဲ့ကြရသူများဖြစ်ကြောင်း၊ ရုံးလုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်နိုင်ရေးနှင့် နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်ဖြင့် လုပ်ငန်းတာဝန် ထမ်းဆောင်လိုသူများ ဖြစ်လာရန် လေ့ကျင့်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ အစိုးရသစ်က အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများ၊ စီမံကိန်းများအပေါ် မိမိတို့ဝန်ကြီးဌာနအလိုက် အကောင် အထည်ဖော်မည့် လုပ်ငန်းစီမံကိန်းများကို ထဲထဲဝင်ဝင် သိရှိအောင်လေ့လာပြီး လုပ်ငန်းများ အောင်မြင်ရေး ကိုယ်တိုင်ကိုယ်ကျ တက်ကြွစွာ ပါဝင်ထမ်းဆောင်ရန်လိုကြောင်း၊ သင်တန်းသား သင်တန်းသူများ အနေဖြင့် ဝန်ထမ်းတိုင်းလိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံး၊ လုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များကို တိကျစွာ လိုက်နာကြရန်၊ “ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်” ဆိုသည့် ဆောင်ပုဒ်အတိုင်း ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်းကြရန်၊ နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန်ခြောက်ချက်ကို အလေးထားပြီး နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်အပါး(၃၀)ကို လိုက်နာရန်၊ သင်တန်းမှရရှိသည့် သင်ကြားပေးသောအသိပညာ၊ အတတ်ပညာ၊ အတွေ့အကြုံများကို စိတ်ပါဝင်စားစွာ သင်ယူမှတ်သား လေ့လာသွားရန် လိုကြောင်း တိုက်တွန်းမှာကြားသည်။

အရာထမ်းလောင်း (အထူး) သင်တန်း အမှတ်စဉ်(၁၅)သို့ သင်တန်းသား ၅၂ ဦး၊ သင်တန်းသူ ၉၈ ဦး စုစုပေါင်း ၁၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဧပြီ ၂၇ ရက်မှ ဩဂုတ် ၁၄ ရက်အထိ ဖြစ်သည်။

နံနက်ပိုင်းတွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌသည် တက္ကသိုလ်၏ ၂၀၂၆-၂၀၂၇ လေ့ကျင့်ရေးနှစ် အတွင်း သင်တန်းများ ဖွင့်လှစ်ရန် စာသင်ဆောင်၊ အိပ်ဆောင်များ ပြင်ဆင်ထားရှိမှု၊ ရွှေရတုပြခန်း၊ တက္ကသိုလ်စာကြည့်တိုက်၊ မွေးမြူရေးလုပ်ငန်းတွင် ဥစားကြက်မွေးမြူရေး၊ ဝက်မွေးမြူရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် ရာသီသီးနှံစိုက်ခင်း၊ တစ်သျှူးငှက်ပျောပင်စိုက်ခင်း၊ ဌာနအလိုက် စိုက်ခင်းနှင့် တက္ကသိုလ်ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် တက္ကသိုလ်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်နှင့် ဒုတိယ ပါမောက္ခချုပ်များ၊ တက္ကသိုလ် သင်ကြား/စီမံဌာနများမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ လေ့ကျင့်သင်ကြားရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားပြီး တက္ကသိုလ်တွင်း တာဝန်ထမ်းဆောင်လျက်ရှိသော အရာထမ်း၊ အမှုထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားကာ အရာထမ်းလောင်း(အထူး) သင်တန်း အမှတ်စဉ်(၁၅)မှ သဇင်ဆောင်ရှိ သင်တန်းသူများနှင့် နေ့လယ်စာ အတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြဝတီမြို့နယ် သဃ်န်းညီနောင်ကျေးရွာ၌ ကျေးရွာမြေငှားဂရန် ချထားပေးနိုင်ရေး အသိပေးရှင်းလင်းပွဲ ပြုလုပ်

မြဝတီ ဧပြီ ၂၈

ကရင်ပြည်နယ် မြဝတီမြို့နယ် သဃ်န်းညီနောင်ကျေးရွာအုပ်စုရှိ သဃ်န်းညီနောင် (အထကခွဲ)ကျောင်းတွင် ယမန်နေ့နံနက်ပိုင်းက ကျေးရွာမြေငှားဂရန်ချထားပေးနိုင်ရေးအတွက် အသိပေး ရှင်းလင်းပွဲ ပြုလုပ်သည်။



အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မော်အောင်က ရက်(၁၀၀) စီမံချက်ဖြင့် ကျေးရွာမြေငှားဂရန် ချထားပေးနိုင်ရေးနှင့်ပတ်သက်၍ လုပ်ငန်းစဉ်များ အသိပေးရှင်းလင်းခြင်းနှင့် လျှောက်ထားရာတွင် လိုအပ်သောအချက်များနှင့် စိစစ်ရမည့်အချက်များ ရှင်းလင်းပြောကြားပြီး မြို့နယ်မြေစာရင်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး၊ ဦးသောင်းထွန်းက မြေတိုင်းလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းဖြေကြား**

ထို့နောက် တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက်ဆွေးနွေးကြသည်။ ဆက်လက်ပြီး တက်ရောက်လာကြသည့်ပြည်သူများက သိလိုသည်များ မေးမြန်းမှုအပေါ် တာဝန်ရှိသူများက ပြန်လည်၍ ဆွေးနွေးရှင်းလင်းဖြေကြားခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

## သွန်းညောင်ရေခါ

* ပြီးသနွေခါ၊ ကဆုန်မှာ
ဝိသာခါစန်း၊ ရောင်ဝါဆန်း
တင့်လျှမ်းပါပေ့ စန်းငွေယုန်။

* ဗျာ ဖွား ပွင့် စံ၊ ထူးမြတ်မှန်
ပန်ဆုယူမှန်း၊ ဗောဓိနန်း
ခြံလွှမ်းပါပေ့ ကိုးပါးဂုဏ်။

* တန်ခူးရေကုန်၊ ပူပြင်းပုံ
ကဆုန်ရေခန်း၊ သွေ့ခြောက်နွမ်း
ကမ်းလင့်ပါလေ့ မိုးပဇ္ဇုန်။

* ပန်းစံကားဝါ၊ ထုံသင်းဖြာ
ရိုးရာဆင်သ၊ ပျိုနှမ
လှရက်ပါပေ့၊ ပွဲမှာဆုံ။

* ရေအိုးကိုယ်စီ၊ ရွက်လို့ချီ
ရေကြည်သွန်းလောင်း၊ ရှင်သန်ကြောင်း
ကောင်းမြတ်ပါပေ့၊ ပွဲခါကြုံ။

* ငါးလွှတ်ပွဲမှာ၊ ဇီဝိတာ
ဒါနကောင်းမှု၊ နိဗ္ဗာန်ဆု
ပြုမြဲပါလေ့ တော်ကဆုန်။

* တောင်ကျွန်းဇမ္ဗူ၊ အေးနိမိတ်ယူ
ပြည်သူ့ရှင်ပျူ၊ ပြည်ချမ်းမြဲ
လန်းလှစွာလေ့၊ နွှဲပါကုန်။

* ကုသိုလ်ပေါင်းဆုံ၊ ဒါနစုံ
ကဆုန်လပြည့်၊ ဗုဒ္ဓနေ့
မြေချမ်းပါပေ့ တိုင်းမြန်ဘုံ။

* သွန်းညောင်ရေခါ၊ ပြည်မြန်မာ
စဉ်လာထိန်းလို့ မွေးမြဂုဏ်
မင်္ဂလာကိန်းလို့ အေးကြကုန်။

**ဇော်မင်းမင်းဦး**

◆ စာမျက်နှာ ၁၀ မှ

ကမ္ဘာလောကကြီး၏ အပူမီးများကို ငြိမ်းအေးစေရန် ရည်ရွယ်ပါသည်။ မိမိကိုယ်တိုင် ငြိမ်းအေးသကဲ့သို့ သူတစ်ပါးကိုလည်း အေးချမ်းစေလိုသောစိတ်ဓာတ်သည် ကဆုန်လ၏ အနှစ်သာရဖြစ်ပါသည်။

**အနုပညာနှင့် ကဆုန်လ**

မြန်မာ့စာပေနှင့် ဂီတတွင် ကဆုန်လ၏ အလှအပနှင့် ညောင်ရေသွန်းပွဲတော်အကြောင်းကို ဖွဲ့နွဲ့စပ်ဆိုထားသည့် လက်ရာများစွာ ရှိပါသည်။ ရှေးကဗျာဆရာကြီးများမှအစ ခေတ်ပေါ်စာဆိုများအထိ ကဆုန်လ၏ရာသီအလှနှင့် ညောင်ရေသံကျူးမှုကို ကလောင်စွမ်းပြကာ ရေးဖွဲ့ခဲ့ကြသဖြင့် ကဆုန်လသည် အနုပညာရသမြောက်သောလလည်းဖြစ်ပါသည်။

**အမျိုးသားယဉ်ကျေးမှုဝိသေသ**

ညောင်ရေသွန်းပွဲတော်သည် မြန်မာနိုင်ငံသားတို့၏ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်ယဉ်ကျေးမှုကို ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာပြသနိုင်သည့် အမျိုးသားရေးဝိသေသတစ်ခုဖြစ်ပါသည်။ ယူနက်စကို (UNESCO) ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများကပင် အသိအမှတ်ပြုရသည့် မြန်မာတို့၏ စိတ်ထားနှင့် ယဉ်ကျေးမှုပြယုဂ်ဖြစ်ပါသည်။

**ဘာသာရေးနှင့်သဘာဝ သဟဇာတဖြစ်မှု**

သစ်ပင်ကို ရေလောင်းခြင်းဟူသော သဘာဝဆိုင်ရာ လုပ်ဆောင်ချက်ကို ဘာသာရေးနှင့် ပေါင်းစပ်ထားခြင်းမှာ မြန်မာ့ယဉ်ကျေးမှု၏ အလွန်မြင့်မားသော အတွေးအခေါ်တစ်ရပ်ပင်ဖြစ်ပါသည်။ လူသားနှင့် သဘာဝတရားသည် ခွဲခြား၍မရဘဲ အပြန်အလှန် အမှီသဟဲပြုနေရခြင်းကို ညောင်ရေသွန်းခြင်းက လက်တွေ့ပြသနေပါသည်။

**နောင်လာနောက်သားများအတွက် အမွေအနှစ်**

ဤသို့သော မွန်မြတ်သည့်ပွဲတော်များကို စနစ်တကျထိန်းသိမ်းခြင်းဖြင့် နောင်လာနောက်သားများအတွက် ယဉ်ကျေးမှုအမွေအနှစ်ကောင်းများကို လက်ဆင့်ကမ်းပေးနိုင်မည်ဖြစ်ပါသည်။ မိမိတို့၏ ရိုးရာဓလေ့ကို မြတ်နိုးတန်ဖိုးထားတတ်သည့် လူ့ဘောင်အဖွဲ့အစည်းတစ်ခုအဖြစ် ကမ္ဘာတည်သရွေ့ ရှင်သန်နေစေရန် ဝိုင်းဝန်းကြိုးပမ်းကြရပါမည်။

သို့ပါ၍ ကဆုန်လနှင့် ညောင်ရေသွန်းပွဲတော်သည် အပူဒဏ်ကို အေးမြသောကုသိုလ်ရေစင်ဖြင့် အောင်နိုင်သည့်ပွဲတော်ဖြစ်ပါသည်။ မဟာဗောဓိပင်ကို ရေစင်သွန်းလောင်းခြင်းဖြင့် ဘာသာရေးအသိကို မြှင့်တင်ရုံသာမက သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးတတ်သောစိတ်ဓာတ်များကိုလည်း မွေးမြူကြရမည်ဖြစ်ပါသည်။ ကဆုန်လ၏ အေးမြသောအရိပ်အောက်တွင် လူသားအားလုံးငြိမ်းချမ်းပြီး စိမ်းလန်းစိုပြည်သော ကမ္ဘာကြီးကို ဝိုင်းဝန်းတည်ဆောက်ကြပါရန် တိုက်တွန်းနှိုးဆော်ရေးသားအပ်ပါသည်။ ။

# တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်းရောင်းချလျက်ရှိသော ဝိဇ္ဇာအောင်အမှတ်တံဆိပ် လေးဘက်နာနှင့် အကိုက်အခဲပျောက်ဆေး(ဆေးမှုန့်/ဆေးထုပ်)သည် အခြားဆေး၏ တိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ်- TMR နံပါတ်အား ထည့်သွင်းအသုံးပြုထားခြင်း၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်း ဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်ခွင့်ပြုထားမှုမရှိသော တိုင်းရင်းဆေးဝါးဖြစ်သဖြင့် ဆေးဝါးစစ်မှန်အစွမ်းထက်မှု ကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများသုံးစွဲရန်မသင့်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုပ်ပိုးခွံပေါ်တွင် ဖော်ပြသော အမှတ် | ထုတ်လုပ်/ဖြန့်ချိဌာန |
|---|---|---|---|---|---|
| ၁။ | ဝိဇ္ဇာအောင် | လေးဘက်နာနှင့် အကိုက်အခဲပျောက်ဆေး | ဆေးမှုန့် | TMR-011461 (0615) | မဟာမြိုင်အိမ်ရာ၊ ၄၁ တိုးချဲ့ရပ်ကွက်၊ မြောက်ဒဂုံ၊ ရန်ကုန်မြို့။ |




**တိုင်းရင်းဆေးဝါး မှတ်ပုံတင်ထားခြင်းမရှိသည့် ဆေးဝါးနမူနာ**

၃။ အများပြည်သူတို့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင် ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသောဆေးဝါးများကိုသာ စိစစ်ဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

၄။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ(လုံးဝ)မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက် ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေး အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# အနောက်တိုင်းဆေးရောနှောထားပြီး စံမညီတိုင်းရင်းဆေးဝါးများဖြစ်ကြောင်း အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်းတွေ့ရှိရသော ကာယသုခဆရာကြီးဖိုးဘစ်အမှတ်တံဆိပ် အဆစ်အမြစ်နာကျင်ကိုက်ခဲ ဒူးနာခါးနာရောဂါပျောက်ဆေး(ဆေးမှုန့်/ဆေးထုပ်)၊ ငွေနတ်သားအမှတ်တံဆိပ် လေးဘက်နာနှင့် ထိပ်ကပ်နာကုဆေး(ဆေးမှုန့်/ဆေးထုပ်)၊ သစ္စာရှင်အမှတ်တံဆိပ် အဆစ်အမြစ်နာနှင့် အကိုက်အခဲပျောက်ဆေး(ဆေးမှုန့်/ဆေးထုပ်)၊ မေတ္တာရှင်အမှတ်တံဆိပ်လေးဘက်နာ၊ အဆစ်အမြစ်နာ၊ ဂေါက်ရောဂါနှင့် အကိုက်ခဲပျောက်ဆေး(ဆေးမှုန့်/ဆေးထုပ်)နှင့် ရွှေဆေးအမှတ်တံဆိပ် အဆစ်အမျက် အကိုက်အခဲသောက်ဆေး (ဆေးမှုန့်/ဆေးထုပ်)တို့သည် အခြားဆေး၏ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်- TMR နံပါတ်အား ထည့်သွင်းအသုံးပြုထားခြင်း၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့် လိုင်စင်ခွင့်ပြုထားမှုမရှိခြင်း၊ ဓာတ်ခွဲစစ်ဆေးစမ်းသပ်ချက်အရ အနောက်တိုင်းဆေးများ ပါဝင်နေသည်ကို စစ်ဆေးတွေ့ရှိရပါသည်။

၃။ ရွှေဟင်္သာအမှတ်တံဆိပ် အဆစ်အမျက်အကိုက်အခဲသောက်ဆေး (ဆေးမှုန့်/ဆေးထုပ်)သည် တိုင်းရင်း ဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် ရရှိထားသော်လည်း ဈေးကွက်တွင် တိုင်းရင်း ဆေးဝါးမှတ်ပုံတင်စဉ်က ဖော်ပြထားသော ဆေးဖုံ၊ ဖော်စပ်နည်းနှင့်အညီမဟုတ်ဘဲ ဖော်စပ်ထားသော တိုင်းရင်းဆေးဝါး (စံမညီတိုင်းရင်းဆေးဝါး)ဖြစ်ခြင်းနှင့် ဓာတ်ခွဲစစ်ဆေးစမ်းသပ်ချက်အရ အနောက်တိုင်းဆေး ပါဝင်နေသည်ကို စစ်ဆေးတွေ့ရှိရပါသည်။

၄။ သို့ဖြစ်ပါ၍ဖော်ပြပါတိုင်းရင်းဆေးဝါးများသည်စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများသုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည်/ဆေးဝါးပုံစံ | တိုင်းရင်းဆေးဝါးမှတ်ပုံတင် | ထုတ်လုပ်/ဖြန့်ချိဌာန | ရောနှောသည့် အနောက်တိုင်းဆေး |
|---|---|---|---|---|---|
| ၁။ | ကာယသုခ ဆရာကြီး ဖိုးဘစ် | အဆစ်အမြစ် နာကျင်ကိုက်ခဲ ဒူးနာခါးနာရောဂါ ပျောက်ဆေး/ ဆေးမှုန့် | ဖော်ပြထားခြင်း မရှိပါ | ဖော်ပြထားခြင်းမရှိပါ | Paracetamol & Diclofenac |
| ၂။ | ငွေနတ်သား | လေးဘက်နာနှင့် ထိပ်ကပ် နာကုဆေး/ ဆေးမှုန့် | ၀၆၁၇ (YR) ၀၇၁၆၅၁ | ငွေနတ်သားဆေးတိုက် စက်မှုလမ်းမကြီး၊ ရွှေပြည်သာစက်မှုဇုန်၊ ရန်ကုန်မြို့။ ၀၉-၇၉၄၂၂၂၄၁၊ ၀၉-၄၂၃၆၉၅၇၁၇ | Paracetamol |
| ၃။ | သစ္စာရှင် | အဆစ်အမြစ်နာနှင့် အကိုက်အခဲ ပျောက်ဆေး/ ဆေးမှုန့် | TMR-007520 (0617) | သစ္စာရှင်ဆေးတိုက် ရွှေပြည်သာစက်မှုဇုန်၊ ရန်ကုန်မြို့။ ၀၉-၄၅၄၅၄၁၇၇၅ ၀၉-၇၈၀၀၀၀၄၉၃ | Diclofenac |
| ၄။ | မေတ္တာရှင် | လေးဘက်နာ၊ အဆစ်အမြစ်နာ၊ ဂေါက်ရောဂါနှင့် အကိုက်ခဲ ပျောက်ဆေး/ ဆေးမှုန့် | TMR-007487 (0425) | မေတ္တာရှင်ဆေးတိုက် အမှတ် ၁၀၀၊ပ-ထပ်၊ ၁၆ လမ်း၊ လမ်းမတော် မြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၅၁၃၇၉၆၂၊ ၀၉-၂၅၂၅၄၂၅၂၀-၂၁ | Paracetamol & Diclofenac |
| ၅။ | ရွှေဆေး | အဆစ်အမျက် အကိုက်အခဲ သောက်ဆေး/ ဆေးမှုန့် | TMR-023675 (1120) | ရွှေတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး လှိုင်သာယာစက်မှုဇုန်၊ ရန်ကုန်မြို့။ ၀၉-၄၄၄၄၉၉၉၃၇၊ ၀၉-၆၉၄၄၉၉၉၃၇ | Diclofenac |
| ၆။ | ရွှေဟင်္သာ | အဆစ်အမျက် အကိုက်အခဲ သောက်ဆေး/ ဆေးမှုန့် | TMR-014624 (0425) | ရွှေပါရမီ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး အမှတ် ၃၂/က၊ ၅ လမ်း၊ မြေညီထပ်၊လမ်းမတော် မြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၄၅၀၀၀၀၄၉၂၊ ၀၉-၇၈၀၀၀၀၄၉၂ | Diclofenac |




**Paracetamol & Diclofenac ရောနှောသည့် ဆေးထုပ်နမူနာများ**

၅။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ(လုံးဝ)မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက် ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ(၃၁)၊ (၃၂)အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေး အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**❖ ကျောဖုံးမှ**

အောက်မြန်မာပြည်အတွက် ပဏာမ ရွေးချယ်ခံရသူများသည် မေ ၁၁ ရက်တွင် စာရွက်စာတမ်းများ စစ်ဆေးမည်ဖြစ်ပြီး မေ ၁၂၊ ၁၃ ရက်တွင် လက်တွေ့ရွေးချယ်မည်ဖြစ်သည်။ အထက်မြန်မာပြည်အတွက် ပဏာမရွေးချယ်ခံရသူများသည် မေ ၁၅ ရက်တွင် စာရွက်စာတမ်းစစ်ဆေးပြီး မေ ၁၆၊ ၁၇ ရက်တွင် လက်တွေ့ရွေးချယ်မည်ဖြစ်သည်။ သက်တမ်းသုံးခု ရွေးချယ်ထားပြီး ယူ-၁၂၊ ယူ-၁၃၊ ယူ-၁၄ သင်တန်းသားများ ပါဝင်မည်ဖြစ်ပြီး အသက်မှန်ကန်မှုရှိရန်ပါ သေချာစစ်ဆေးမည်ဖြစ်သည်။

ထို့ပြင် လာမည့်ပညာသင်နှစ်တွင် ပထမဆုံးဖွင့်လှစ်မည့်အမျိုးသမီးဘောလုံး အကယ်ဒမီအတွက်ပါ ကစားသမားများ ရွေးချယ်မည်ဖြစ်ပြီး အောက်မြန်မာပြည် ဇုန်အတွက် မေ ၉ ရက်တွင် ရန်ကုန်မြို့၌ စာရွက်စာတမ်း စစ်ဆေးမည်ဖြစ်ပြီး မေ ၁၀၊ ၁၁ ရက်တွင် လက်တွေ့ရွေးချယ်မည်ဖြစ်သည်။ အထက်မြန်မာပြည်ဇုန် အတွက် ကစားသမားရွေးချယ်ခြင်းကို မေ ၁၇ ရက်တွင် မန္တလေးမြို့၌ စာရွက်စာတမ်းစစ်ဆေးပြီး မေ ၁၈၊ ၁၉ ရက်တွင် လက်တွေ့ရွေးချယ်မည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် အကယ်ဒမီကျောင်းများအတွက် ပထမအဆင့် လူရွေးပွဲများကို မတ်လကုန်ပိုင်းမှ ဧပြီ ဒုတိယပတ်အထိ မြို့အသီးသီးတွင် ရွေးချယ်ခဲ့ပြီး နောက်ဆုံးအဆင့်လူရွေးပွဲကို ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ထပ်မံကျင်းပခြင်းဖြစ်သည်။

**သတင်း - ချစ်ကိုကို**

**ဓာတ်ပုံ-MFF**

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၄ ဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်



နေပြည်တော် မေ ၂၈

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား လေးဦး၊ အင်ဒိုနီးရှားနိုင်ငံသား လေးဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား သုံးဦး၊ ဘူရွန်ဒီနိုင်ငံသားတစ်ဦး၊ ရဝမ်ဒါနိုင်ငံသားတစ်ဦးနှင့် လာအိုနိုင်ငံသားတစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၁၄ ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ ထပ်မံလွှဲပြောင်းပေးသည်။

## ဆောင်ရွက်ပေး

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး စံရွှေနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံရုံးမှ Counsellor Mr. Vinsky Garcia Wattimena နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ လာအိုနိုင်ငံ သံရုံးမှ Second Secretary Mr. Bounkham Manivan နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ Assistant Attache Mr. Kvsum Konti Chakma နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံးမှ အုပ်ချုပ်မှုအရာရှိ Mr. Mohammad Din Islam နှင့် တာဝန်ရှိသူများ၊ ဘူရွန်ဒီနိုင်ငံနှင့် ရဝမ်ဒါနိုင်ငံ သံရုံးတို့မှ သံရုံးကိုယ်စားလှယ် Mr. Tana Judah Hira နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင် လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၀၇ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၄၆ ဦးရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၄၆၁ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင် ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသမီးကို တရုတ်ဇနီးမယားအဖြစ် အဓမ္မလက်ထပ်ပေါင်းသင်းစေပြီးရရှိသော ငွေကြေးအကျိုးအမြတ်အား ခေါင်းပုံဖြတ် ရယူဆောင်ရွက်ခဲ့ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် မေ ၂၈

အမျိုးသမီးကို တရုတ်ဇနီးမယားအဖြစ် အဓမ္မလက်ထပ်ပေါင်းသင်းစေပြီး ရရှိသောငွေကြေး အကျိုးအမြတ်အားခေါင်းပုံဖြတ် ရယူဆောင်ရွက်ခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၂ နှစ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် (၁၉)ရပ်ကွက်နေ အမျိုးသမီးတစ်ဦးသည် အလုပ်လုပ်ကိုင်ရန်အတွက် တစ်မြို့နယ်တည်းနေ သူငယ်ချင်းဖြစ်သူ မယုယုခိုင်အား တိုင်ပင်ခဲ့ရာ မယုယုခိုင်က တရုတ်ယောကျ်ားယူပါက ငွေကျပ်သိန်း ၁၈၀/ ၂၀၀ ရရှိမည်ဟု စည်းရုံးပြောဆို၍ ရွှေပြည်သာမြို့နယ် ထန်းခြောက်ပင် (ပတ္တမြားဈေးအနီးရှိ) လက်ဖက်ရည်ဆိုင်တွင် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် (၁၉)ရပ်ကွက်နေ ကိုဇာနည်မင်းနှင့် တွေ့ဆုံပေးခဲ့ရာ ကိုဇာနည်မင်းက အမျိုးသမီးကို တရုတ်အမျိုးသား Mr.WU JIN MIN(ဝူကျင်းမင်)နှင့် ဆက်လက်တွေ့ဆုံပေးခဲ့ကြောင်း။

တရုတ်အမျိုးသား Mr.WU JIN MIN (ဝူကျင်းမင်)က သဘောကျသဖြင့် တင်တောင်းငွေကျပ်သိန်း ၁၈၀ ပေးမည်ဟုပြောဆိုပြီး ကိုဇာနည်မင်းကို အကျိုးဆောင်ခငွေကျပ် ငါးသိန်းနှင့် မင်္ဂလာဆွမ်းကျွေးရန် ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်ခဲ့ကြောင်း၊ မင်္ဂလာဆွမ်းကျွေးသည့်နေ့တွင် တင်တောင်း ငွေကျပ်သိန်း ၈၀ နှင့် ကျောက်တံတားခရိုင်တရားရုံးတွင် လက်ထပ်ထိမ်းမြားလက်မှတ်ရေးထိုးစဉ် ငွေကျပ်သိန်း ၅၀ ကို အမျိုးသမီးထံသို့ပေးအပ်ခဲ့ကြောင်း၊ ကျန်ငွေကျပ်သိန်း ၅၀ ကိုလေယာဉ်တက်ချိန်ပေးမည်ဟုပြောဆိုခဲ့ပြီး တရုတ်နိုင်ငံသို့ သွားရောက်ရန် စာရွက်စာတမ်းများ ပြုလုပ်ပြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်ရှိ ရွှေပဒုမ္မာဟိုတယ်တွင် ပေါင်းသင်းနေထိုင်ခဲ့ကြောင်း စိစစ်ပေါ်ပေါက်သဖြင့် တရုတ်နိုင်ငံသားနှင့် လက်ထပ်ပေါင်းသင်းစေရန် တင်တောင်းငွေများဖြင့် မက်လုံးပေးစည်းရုံးကာ အဓမ္မလက်ထပ်ထိမ်းမြားစေပြီး တရုတ်နိုင်ငံသို့ ခေါ်ဆောင်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြသူ တရုတ်အမျိုးသား Mr.WU JIN MIN (ဝူကျင်းမင်)၊ ကိုဇာနည်မင်းနှင့် မယုယုခိုင်တို့သုံးဦးကို အမှတ်(၆)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ရန်ကုန်)မှ တရားလိုပြုလုပ် တိုင်တန်းခဲ့ရာ ရွှေပြည်သာ မြို့မရဲစခန်း(ပ)၂၀၃/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ၂၀၂၆ ခုနှစ် မေ ၂၄ ရက်တွင် မင်္ဂလာဒုံခရိုင်တရားရုံးမှ တရုတ်အမျိုးသား Mr.WU JIN MIN (ဝူကျင်းမင်) ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်းနှင့် တိမ်းရှောင်တရားခံ မယုယုခိုင်အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/၄၄ အရ ကျင့် ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်ပန်းတောင်းမြို့နယ် စံပယ်ပင်ကျေးရွာ၌ ရက်(၁၀၀)စီမံချက်ဖြင့် ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



မန္တလေး မေ ၂၈

မန္တလေး တိုင်းဒေသကြီး ကျောက်ပန်းတောင်း မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက်(၁၀၀)စီမံချက်ဖြင့် စံပယ်ပင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်နှင့် တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာရေရရှိရေးလုပ်ငန်းများဖြစ်သည့် ပန့်နှင့် ရေထုတ်ပိုက်တပ်ဆင်မှု လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကျောက်ပန်းတောင်း မြို့နယ် စံပယ်ပင်ကျေးရွာ၌ 7.5HP(Motor and Pump) တပ်ဆင်ခြင်းနှင့် ၂"øGI ၂၇ လုံး ရေထုတ်ပိုက်တပ်ဆင်ခြင်း ငွေလုံးငွေရင်း(မူလ) ရန်ပုံငွေကျပ် ၁၇ ဒသမ ၂ သန်းဖြင့် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက ဧပြီလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး ရာနှုန်းပြည့်ပြီးစီးပါက ဒေသခံပြည်သူများ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကောင်းဆက်**



# အိမ်မဲမြို့ရှိ မီးသတ်အမြင့်တင်အုတ်ရေကန်များနှင့် သဘာဝကန်များအား အသုံးပြု၍ ရ/မရ စစ်ဆေး

အိမ်မဲ မေ ၂၈

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်အတွင်းရှိ မီးသတ်အမြင့်တင်အုတ်ရေလှောင်ကန်များနှင့် သဘာဝကန်များအား မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အသုံးပြု၍ ရ/မရစစ်ဆေးခြင်းကို ယနေ့ မွန်းလွဲပိုင်းက စစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် အိမ်မဲမြို့နယ် ဒုတိယမီးသတ်ဦးစီးမှူး ဦးတင်မျိုးဝင်းဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများအတွက် အမြင့်တင်အုတ်ရေကန်များနှင့် သဘာဝကန်များအား အသုံးပြု၍ ရ/မရ စစ်ဆေးခဲ့ပြီး ရေလိုအပ်မှုရှိသည့် အုတ်ရေကန်များအား ရေထပ်မံဖြည့်တင်းခဲ့ကြောင်း သိရသည်။

**မင်းထက်သာ**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ၂၀၂၆ ခုနှစ် ဧပြီလ ၂၇ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန် တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2">ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာဒိုင်အောက်ဆိုဒ်</th><th>နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ်</th><th>အိုဇုန်း</th><th>ကာဗွန်မိုနောက်ဆိုဒ်</th></tr>
<tr><td>၁</td><td>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၂</td><td>အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဇဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၃</td><td>ဒဂုံမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
</table>

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှု ရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# မွန်ပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး မွန်ပြည်နယ်ပို့ဆောင်ရေးစီမံကိန်းရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**မော်လမြိုင် ဧပြီ ၂၈**

မွန်ပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဇေယျာဦးသည် ယနေ့မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ မွန်ပြည်နယ်ပို့ဆောင်ရေးစီမံကိန်းရုံးသို့ သွားရောက်ပြီး ယာဉ်ကြံ့ခိုင်မှု၊ ယာဉ်မောင်းယာဉ်နောက်လိုက်တို့ ကျွမ်းကျင်မှုနှင့် စည်းကမ်းလိုက်နာမှု ရှိစေရန်၊ ယာဉ်စီးခနှုန်း သတ်မှတ်ခြင်း၊ တရားမဝင် ကုန်ပစ္စည်းများ သယ်ဆောင်ရေး မပြုလုပ်ရန်၊ လူကုန်ကူးမှု မဖြစ်စေရေး၊ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေး၊ ပြည်သူအများနှင့်ထိတွေ့ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်၍ နွေးထွေးပျူငှာစွာပြုမူပြောဆိုပြီး ပြည်သူ့အကျိုး ရှေးရှုဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် ပြည်နယ်လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးသည် အဝေးပြေးယာဉ်ရပ်နားစခန်း(လှိုင်)သို့သွားရောက်ပြီး မော်တော်ယာဉ်လိုင်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ယာဉ်မောင်းလိုင်စင်ဌာန၊ ယာဉ်စစ်ဆေးရေးဌာန၊ ယာဉ်မှတ်ပုံတင်ဌာနနှင့် သင်တန်းခန်းမတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**



# ကျိုက်လတ်မြို့နယ်၌ ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**ကျိုက်လတ် ဧပြီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းကို ယနေ့မွန်းလွဲပိုင်းက ခြောက်ပင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဆောင်ရွက်ပေးသည်။

ယင်းသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်းမာန်နှင့် ဝန်ထမ်းများက အသက်(၁၀)နှစ်ပြည့်၊ (၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေး ကတ်အသစ်ပြုလုပ်လိုသည့် ကျောင်းသား ကျောင်းသူများအား လိုအပ်သည့်အချက်အလက်၊ အထောက်အထားများ ဖြည့်စွက်ကာ စိစစ်ထုတ်ပေးပြီး ဇီဝဆိုင်ရာအချက်အလက် ကောက်ယူခြင်းလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**လှိုင်မင်းအောင်(ပြန်/ဆက်)**

# အခြေခံစားကုန်များ ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချ

**ရန်ကုန် ဧပြီ ၂၈**

ရန်ကုန်တိုင်းဒေသကြီးအတွင်း သမဝါယမအရောင်းဆိုင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်၍ စဉ်ဆက်မပြတ်လုပ်ငန်းများ လည်ပတ်နိုင်စေရန်နှင့် အခြေခံစားကုန်များ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချနိုင်စေရန်အတွက် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၏ ပေါင်းစပ်ညှိနှိုင်းပေးမှုဖြင့် မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်းက ၂၄ ပြည်ပါ ဆန်အိတ် ၇၆၀၊ မြေပဲဆီ ၂၄၈ ပိဿာ၊ စားအုန်းဆီ ပိဿာ ၁၇၁၀ တို့အား ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သမဝါယမအရောင်းဆိုင်များတွင် သမဝါယမအသင်းသားများနှင့် အများပြည်သူများသို့ ပြင်ပပေါက်ဈေးထက် ချိုသာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# CAPI စနစ်ဖြင့် လက်ကိုင်ဖုန်းအသုံးပြု၍ စာရင်းကောက်ယူပြုစုနည်းသင်တန်းဖွင့်

**မန္တလေး ဧပြီ ၂၈**

မိုးစပါးစိုက်ပျိုးသည့် လယ်ကွက် (မြေကွက်)များအား CAPI စနစ်ဖြင့် လက်ကိုင်ဖုန်းအသုံးပြု၍ စာရင်းကောက်ယူပြုစုနည်း သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူးရုံးတွင်ကျင်းပရာ အထက်မြန်မာပြည်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ဦးစီးဌာနမှူးများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



မိုးစပါးစိုက်ပျိုးသည့် လယ်ကွက် (မြေကွက်)များအား သီးနှံအထွက်နှုန်းမှန်ကန်ရေးအတွက် ဌာနက CAPI စနစ်ဖြင့် လက်ကိုင်ဖုန်း အသုံးပြု၍ စာရင်းကောက်ယူပြုစုနည်းသင်တန်းမှ လက်တွေ့လုပ်ဆောင်နိုင်သည်အထိ ပို့ချချက်များကို ဧပြီ ၂၇ ရက်မှ မေ ၅ ရက်အထိ ငါးရက်ကြာ သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းသား ၉၁ ဦး တက်ရောက် သင်ကြားလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

# ဒေါပုံမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေး

**ရန်ကုန် ဧပြီ ၂၈**

ဒေါပုံမြို့နယ်တွင် အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခြင်းနှင့် Biometric ကောက်ယူခြင်းလုပ်ငန်းများကို ယမန်နေ့နံနက် ၉ နာရီက နွယ်အေးရပ်ကွက် သဲကွင်းဓမ္မာရုံ၌ ကွင်းဆင်းဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် နွယ်အေးရပ်ကွက် အတွင်းရှိ အသက် (၁၀) နှစ်ပြည့်ပြီးသူများနှင့် အသက်(၁၈) နှစ်ပြည့်ပြီးသူများအား နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ပေးခြင်းနှင့် Biometric ကောက်ယူ၍ Unique ID နံပါတ်များ ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာသို့ ဗိုလ်တထောင်ခရိုင် လဝက ဦးစီးမှူး ဒေါ်တင်မိုးမိုးအေး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထူးထက်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကျော်၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးသက်နိုင်တို့က လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ချစ်စုဝေ(ပြန်/ဆက်)**

☆ ပြည်ပမှ

၃။ ထိုသို့စိစစ်ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုများမရှိစေရေးအတွက်(၂၀၂၆ ခုနှစ်၊ မေလ ၁ ရက်နေ့မှစတင်၍) ပြည်ပနိုင်ငံများမှ ခွင့်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်မည့် အလုပ်သမားများအနေဖြင့် မြန်မာနိုင်ငံသို့ မလာရောက်မီ အလုပ်ရှင်၏ ခွင့်စာ (Letter of Permission for Leave)ရယူ၍ အောက်ပါအတိုင်း ဆောင်ရွက်သွားရန် အသိပေးကြေညာအပ်ပါသည် -

(က) သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်၍ ခွင့်စာပြသပြီး ထောက်ခံစာယူဆောင်ရန်၊

(ခ) မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများ ဖွင့်လှစ်ထားခြင်းမရှိသည့် နိုင်ငံများအနေဖြင့် အနီးဆုံးနိုင်ငံ သို့မဟုတ် အနီးဆုံးမြို့ရှိ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်၍ ခွင့်စာပြသပြီး ထောက်ခံစာယူဆောင်ရန်။

၄။ ခွင့်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ထွက်ခွာမည့် အလုပ်သမားများအနေဖြင့် Work Permit၊ ဗီဇာနှင့် ခွင့်စာပါ လုပ်ငန်းခွင်နှင့် OWIC ကတ်တွင်ပါရှိသည့် လုပ်ငန်းခွင်မတူညီပါက မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်တွင် OWIC ကတ်အား အသစ်ပြန်လည်လျှောက်ထားရမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်ပနိုင်ငံများမှ ခွင့်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ထွက်ခွာမည့် အလုပ်သမားများအနေဖြင့် သက်ဆိုင်ရာအလုပ်ရှင်များထံမှ ခွင့်စာရယူပြီး အပိုဒ် ၃ ပါအတိုင်း ဆောင်ရွက်၍ သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံး၏ ထောက်ခံစာနှင့်အတူ ပြည်ပထွက်ခွာခွင့် တင်ပြနိုင်ရေးနှင့်ခွင့်စာအား လိမ်လည်တင်ပြလာပါက ကာလသတ်မှတ်ချက်တစ်ခုဖြင့် ပြည်ပထွက်ခွာခွင့်ပိတ်ပင်ခြင်းနှင့် အမည်မည်းစာရင်း ရေးသွင်းသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာန



## ရက်(၁၀၀)အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေး

ရန်ကုန် မေ ၂၈

အစိုးရသစ်၏ ရက်(၁၀၀)အထူးစီမံချက်ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ဦးစီးမှူးရုံးမှဝန်ထမ်းများက မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာနေပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းလုပ်ငန်းများနှင့် နိုင်ငံသားကိုယ်ရေးအချက်အလက်(UID)ထုတ်ပေးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာရပ်ကွက်/ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြသည်။

ရက်(၁၀၀)အထူးစီမံချက်ဖြင့် မြောင်းတကာကျေးရွာအုပ်စု၊ ရွှေမြဿကျေးရွာအုပ်စု၊ ချောင်းဝကျေးရွာအုပ်စု၊ ဝါးနက်ချောင်းကျေးရွာအုပ်စုတို့တွင် အသက်(၁၀)နှစ်နှင့်(၁၈)နှစ်အကြား၊ အသက်(၁၈)နှစ်ပြည့်ပြီး အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိနေသည့် ကျေးရွာနေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်းလုပ်ငန်းများနှင့် နိုင်ငံသားကိုယ်ရေးအချက်အလက်(UID) ထုတ်ပေးခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးပြီး မှော်ဘီ လှည်းဒုတ်ချောင်းကျေးရွာအုပ်စုရှိ Wan He အထည်ချုပ်စက်ရုံနှင့် ကျန်ရှိနေသည့် ရပ်ကွက်/ကျေးရွာများကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကောင်းမြတ်သူ(မှော်ဘီ)

## အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် မြေငှားဂရမ်(မြေငှားစာချုပ်) ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

ပျော်ဘွယ် မေ ၂၈

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်၌ အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် လူနေထိုင်ရန် ကျေးရွာမြေငှားဂရမ်(မြေငှားစာချုပ်) ထုတ်ပေးရေးလုပ်ငန်းအား အသိပညာပေးရှင်းလင်းခြင်းကို မေ ၂၆ ရက်က မယ်ဇလီအိုင့်ကျေးရွာ ဘက်စုံသုံးခန်းမတွင် ပြုလုပ်သည်။

ဦးစွာ ရမည်းသင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်မြင့်က အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအာကာစိုး၊ ရမည်းသင်းခရိုင်မြေစာရင်းဦးစီးမှူး ဦးမိုးဇော်ထက်၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးသိန်းနိုင်မင်းတို့က လူနေထိုင်ရန် ကျေးရွာမြေငှားဂရမ်(မြေငှားစာချုပ်) ထုတ်ပေးခြင်းနှင့် ပတ်သက်၍ လိုအပ်သည်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသည့် ကျေးရွာပြည်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ



သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## နမ့်ခမ်းမြို့နယ်၌ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေး

မူဆယ် မေ ၂၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်အတွင်းရှိ ပြည်သူများအား ရက်(၁၀၀)စီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးခြင်းကို မူဆယ်မြို့ ကောင်းမူးတုံ ရပ်ကွက် ငွေဆင်အိမ်ရာတွင် ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်ပေး



လျက်ရှိသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင်ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နမ့်ခမ်းမြို့နယ်ဦးစီးမှူးရုံးကို လတ်တလော နယ်မြေအခြေအနေများကြောင့် နမ့်ခမ်းမြို့နယ်အတွင်းမှ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် UID ကောက်ယူခြင်းကို မူဆယ်မြို့ ယာယီရုံး၌ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါဆောင်ရွက်သည့်နေရာသို့ မူဆယ်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းမင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းဇော်ဦးနှင့် မြို့နယ်ဦးစီးမှူး ဦးနိုင်ထူးမြင့်၊ နမ့်ခမ်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများက ပူးပေါင်းဆောင်ရွက်၍ ပြည်သူများလက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## သာစည်မြို့နယ်၌ စွမ်းရည်မြှင့်မွမ်းမံသင်တန်းဖွင့်

သာစည် မေ ၂၈

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ (မြို့ပေါ်လုံခြုံရေးတာဝန်) စွမ်းရည်မြှင့် မွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်သူ့လုံခြုံရေးနှင့်



အကြမ်းဖက်နှိမ်နင်းရေးကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များက သင်တန်းနည်းပြများနှင့်သင်တန်းသားများအား ကြက်ဥအလုံး ၅၅၀ နှင့် ခေါက်ဆွဲခြောက် ၁၀ ဖာတို့ကို ပေးအပ်သည်။

အဆိုပါ သင်တန်းတွင် သင်တန်းသား ၅၀ တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မုဒုံမြို့၌ အခြေခံမွေးမြူရေးဆိုင်ရာ ပညာပေးသင်တန်းဖွင့်

မုဒုံ မေ ၂၈

မွန်ပြည်နယ် မုဒုံမြို့တွင် အခြေခံမွေးမြူရေးဆိုင်ရာ ပညာပေးသင်တန်းကို ယမန်နေ့က နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ (ဝက်မဒန်းမွေးမြူရေး ချေးငွေ) ရမှိန်ကနိမ်းကျေးရွာ၌ ဖွင့်လှစ်သည်။

အဆိုပါ သင်တန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက်(၁၀၀) အစီအမံအနေဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေသအတွင်းစားရေရိက္ခာအသားကဏ္ဍ ဖူလုံစေရန်၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုစိတ်ဝင်စား၍ တိုးတက်မွေးမြူလာရန်၊ ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝ



ကောင်းမွန်လာစေရန် ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ပေးရကြောင်း မြို့နယ်ဦးစီးမှူးက ပြောသည်။

သင်တန်းတွင် မော်လမြိုင်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ကြသည့် ကျေးရွာနေ ပြည်သူများအား မွေးမြူရေးနှင့် ပတ်သက်သည့် အကြောင်းအရာများ၊ သင်ခန်းစာများကို နှစ်ရက်ကြာပို့ချပေးခဲ့ကြောင်း သိရသည်။

ရာမည(ပြန်/ဆက်)

○ အိမ်ကွင်းမှ

မန်ယူအသင်းဟာ ဘရန်းဖို့ဒ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်(၃၄)ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၆၁ မှတ်စုဆောင်းနိုင်ခဲ့ကာ အမှတ်ပေးဇယားအဆင့်(၃)နေရာမှာ ရပ်တည်နိုင်ခဲ့ပြီး လာမယ့်ရာသီ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိတော့မှာ ဖြစ်ပါတယ်။

ဘရန်းဖို့ဒ်အသင်းကတော့ မန်ယူအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်(၃၄) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၄၈ မှတ်နဲ့ အမှတ်ပေးဇယားအဆင့် ၉ နေရာမှာရပ်တည်နေတာ ဖြစ်ပါတယ်။

ငွေကြယ်

✻ မြန်မာ့လက်ရွေးစင်မှ

ဒေါ်စန်းစန်းသိန်းက ယာယီနည်းပြချုပ်အဖြစ် တာဝန်ယူကိုင်တွယ်နေပြီး ပဏာမကစားသမား ၃၅ ဦးဖြင့် ဖွဲ့စည်းကာ မေ ၂၇ ရက်မှစ၍ စခန်းဝင်လေ့ကျင့်လျက်ရှိသည်။ ယင်းကစားသမားများတွင် ပြည်ပကလပ်များ၌ ကစားနေသူ ဝင်းသိင်္ဂီထွန်း၊ မေထက်လူ၊ စန်းသော်သော်နှင့် ဖြူဖွေးတို့ ပါဝင်ပြီး ယင်းကစားသမားများမှာ နောက်ကျမှ ပူးပေါင်းမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် (၃၃)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ထွက်ရပြီးနောက် နည်းပြချုပ်ဖြစ်သူ ဂျပန်နိုင်ငံသား ယုကီ လမ်းခွဲသွားသလို နိုင်ငံတကာပြိုင်ပွဲ ယှဉ်ပြိုင်ရန်မရှိသဖြင့် လေ့ကျင့်မှုရပ်နားထားခြင်းဖြစ်သည်။

သတင်း-ကိုညီလေး

ဓာတ်ပုံ-MFF

# ကျုံပျော်ခရိုင်၌ ဒေသန္တရစီမံကိန်းတာဝန်ပေးအပ်ပွဲ ကျင်းပ

**ကျုံပျော် ဧပြီ ၂၈**

ဧရာဝတီ တိုင်းဒေသကြီး ကျုံပျော်ခရိုင် ၂၀၂၆ -၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ကျုံပျော်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ (၁)၌ ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။



ဦးစွာ ကျုံပျော်ခရိုင် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်းက အမှာစကား ပြောကြားပြီး စီမံကိန်း ရေးဆွဲရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြူကြူသန်းက ကျုံပျော်ခရိုင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌက ခရိုင်အဆင့် ကဏ္ဍစီမံကိန်း၊ လုပ်ငန်းစီမံကိန်းနှင့် မြို့နယ်များ၏ ဒေသန္တရစီမံကိန်းတာဝန်များကို ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့် ကျုံပျော်၊ ရေကြည်နှင့် ကျောင်းကုန်းမြို့နယ်တို့မှ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **နေဝင်းမြင့်(ပြန်/ဆက်)**



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်တွင် နှစ်(၈၀)ပြည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖျာပုံမြို့ ကျိုက္ကမျှမ်စေတီတော်မြတ်ကြီးအား ဧပြီ ၂၇ ရက်က ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦး ဦးဆောင်၍ ဖျာပုံခရိုင်နှင့် မြို့နယ်မီးသတ်စခန်းရှိ သန္နေ/အရန် မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ စူပါဦး

# မှော်ဘီမြို့နယ်၌ မရှိ၍ မလင်းသူ မရှိစေရအစီအစဉ်ဖြင့် အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းလာရောက်ကုသ

**မှော်ဘီ ဧပြီ ၂၈**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ မျက်စိနှင့်ပတ်သက်၍ ရောဂါဝေဒနာခံစားနေရသူများအား ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ မရှိ၍ မလင်းသူ မရှိစေရ အစီအစဉ်ဖြင့် အထူးကုဆရာဝန်ကြီးများက ယမန်နေ့နံနက်ပိုင်းတွင် ကွင်းဆင်းလာရောက်ကုသပေးသည်။



မှော်ဘီမြို့နယ်၌ မျက်စိလာရောက်ပြသသူ ၂၅၀ ခန့်အား ဗဟန်းအမျိုးသမီးဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာချောစန္ဒာ ဦးဆောင်၍ ရန်ကုန်မျက်စိအထူးကုဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန် ဒေါက်တာ သက်ထားစုနှင်းဝေ၊ ဒေါက်တာသီတာဆွေတို့ ပါဝင်သော အဖွဲ့များက လာရောက်ကုသပေးလျက်ရှိကြောင်း သိရသည်။

**ကောင်းမြတ်သူ(မှော်ဘီ)**

# မင်းတုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီပျိုးပင်နှင့် မျိုးစေ့များ ပေးအပ်

**မင်းတုန်း ဧပြီ ၂၈**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကော်ဖီပျိုးပင်နှင့် မျိုးစေ့များ ပေးအပ်ပွဲအခမ်းအနားကို ကျင်းပရာ ဌာနဆိုင်ရာများနှင့် ကော်ဖီစိုက်ပျိုးမည့် တောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလင်းက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းကိုက ကော်ဖီစိုက်ပျိုးနည်းပညာနှင့် ဈေးကွက်အခြေအနေကို ဆွေးနွေးပြောကြားသည်။ ထို့နောက် ကော်ဖီစိုက်ပျိုးမည့်တောင်သူများအား Robusta ကော်ဖီပျိုးပင်နှင့် Arabica ကော်ဖီမျိုးစေ့များ အခမဲ့ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ချင်းကလေး(NRDC)**



# ကြံခင်းမြို့နယ်၌ တွင်းနက်ဆက်စပ်ပစ္စည်း ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု



**ကြံခင်း ဧပြီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ရွာသစ်ကုန်းကျေးရွာ၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သော တွင်းနက်ဆက်စပ်လုပ်ငန်း စတင်အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို တာဝန်ရှိသူများက ယမန်နေ့ညနေပိုင်းက ကွင်းဆင်းကြည့်ရှုသည်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပထမရက် ၁၀၀ ငွေလုံးငွေရင်း ရန်ပုံငွေ ကျပ် ၁၇ ဒသမ ၈၉၇ သန်းဖြင့် ဆောင်ရွက်သော တွင်းနက် ဆက်စပ်လုပ်ငန်း (Motor & Compressor) တပ်ဆင်ခြင်း၊ ရေစက်ရုံ၊ အုတ်ရေကန် စတင်ဆောင်ရွက်နေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးကျော်မင်းထက်က ကွင်းဆင်းကြည့်ရှုရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မူမူသင်းက လုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါတွင်းနက်လုပ်ငန်း ရေဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန် ဆောင်ရွက်ပြီးစီးပါက အိမ်ထောင်စု ၉၀၊ လူဦးရေ ၂၄၇ ဦးအား အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ဖြိုးဝေလင်း(ပြန်/ဆက်)**

# မြောက်ဥက္ကလာပမြို့နယ်၌ စွန့်ပစ်အမှိုက်စီမံခန့်ခွဲရေး အသိပညာပေးဆောင်ရွက်

**ရန်ကုန် ဧပြီ ၂၈**

ရန်ကုန် တိုင်းဒေသကြီး မြောက်ဥက္ကလာပ မြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ မြို့ပြပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေး ဌာနမှ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာအသိပညာပေး အစီအစဉ်ကို ယနေ့နံနက်ပိုင်းက မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်း မယ်လမုဘုရားရှေ့၌ ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် အသိပညာပေးရွေ့လျားယာဉ်များဖြင့် အသိပညာပေးဆောင်ရွက်ချက် မှတ်တမ်းများပြသခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ယာဉ်များတွင် အသိပညာပေး စတေကာများ ကပ်ပေးခြင်း၊ အမှိုက်လေးမျိုး (အမှိုက်စို၊ အမှိုက်ခြောက်၊ ပလတ်စတစ်၊ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ) ခွဲခြားစွန့်ပစ်မှုကို လက်တွေ့ပြသခြင်း၊ ဝန်ထမ်းများဖြင့် စွန့်ပစ်အမှိုက်အသိပညာပေး တေးသရုပ်ဖော် သီချင်းတို့ဖြင့် သီဆိုကပြခြင်းဖြင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ကလောမြို့နယ်၌ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

**ကလော ဧပြီ ၂၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် လွယ်အံကျေးရွာအုပ်စု အင်းပြင်ကျေးရွာနှင့် အောင်ပန်းမြို့ ညောင်ပင်ထောင်ရပ်ကွက်တို့တွင် ယနေ့နံနက်ပိုင်းက မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ရေး ရက်(၁၀၀) ကာကွယ်ဆေးထိုး စီမံချက် ကွင်းဆင်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာစုလျှမ်းထက် ဦးဆောင်၍ အဖွဲ့ဝင်များက အင်းပြင်ကျေးရွာနှင့် ညောင်ပင်ထောင်ရပ်ကွက် အတွင်းရှိ နို့စားနွား တစ်ပိုင်တစ်နိုင် စီးပွားဖြစ်မွေးမြူသူ ၄၀ အား တွေ့ဆုံ၍ ရက်(၁၀၀)ကာကွယ်ဆေးထိုး စီမံချက်အကြောင်း ရှင်းလင်း ပြောကြားသည်။ ထို့နောက် နွားမွေးမြူသူများအား ခြံဖျန်းပိုးသတ်ဆေးများ ပေးအပ်ခဲ့ပြီး ကာကွယ်ဆေးထိုး စီမံချက်အတိုင်း မွေးမြူထားသည့် နို့စားနွားများအား ခွာနာလျှာနာရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## ကြော်ငြာ

၁။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ဆည်မြောင်း)မှ စက်ကြီး/ယန္တရားများတွင် တပ်ဆင်အသုံးပြုမည့် စက်အရန်ပစ္စည်းများ (Machinery Spare Parts)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်ရက် – ၅- ၅-၂၀၂၆ ရက်မှ ၁၈- ၅-၂၀၂၆ ရက်ထိ (ရုံးချိန်အတွင်း)

(ခ) အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့် ရက်/အချိန် – ၁၉-၅-၂၀၂၆ ရက်၊ မွန်းတည့် ၁၂:၀၀ နာရီ

(ဂ) အိတ်ဖွင့်တင်ဒါ ဖွင့်မည့်ရက်/အချိန် – ၁၉-၅-၂၀၂၆ ရက်၊ မွန်းလွဲ ၁၃:၀၀ နာရီ

(ဃ) အိတ်ဖွင့်တင်ဒါပုံစံ ဝယ်ယူ/တင်သွင်း ရမည့်နေရာ – ဖြည့်တင်းရေးဌာနခွဲ(၁)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)၊ နှစ်ထပ်တိုးချဲ့ဆောင်၊ ရုံးအမှတ်(၁၅)၊ နေပြည်တော်

၂။ အသေးစိတ်သိရှိလိုပါက ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ ဖြည့်တင်းရေးဌာနခွဲ(၁)၊ တယ်လီဖုန်းအမှတ်-၀၆၇-၄၁၀၅၀၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ဆန်စပါးကြိတ်ခွဲထုတ်လုပ်မှု
## နည်းပညာသင်တန်းများအတွက်
## သင်တန်းသားခေါ်ယူခြင်း

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဦးစီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်တို့၏ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအဖြစ် ဆန်စပါးကြိတ်ခွဲထုတ်လုပ်မှု နည်းပညာ သင်တန်းများကို စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေး သင်တန်းကျောင်းတွင် Fully Funded Internship Training ပုံစံဖြင့် အပတ်စဉ် (၂) ကို အောက်ပါအတိုင်း ဖွင့်လှစ်ဆောင်ရွက်မည်ဖြစ်ပါသည်-

**(၁) သင်တန်းအမည်**

(က) Level-1 (Certificate in Rice Processing Technology)

(ခ) Level-2 (Higher Certificate in Rice Processing Technology)

**(၂) သင်တန်းဝင်ခွင့်**

GTHS, GTI သင်ကြားတက်ရောက်ခဲ့သူများ၊ စက်မှု/ လျှပ်စစ်အင်ဂျင်နီယာ ပညာသင်ကြားခဲ့သူများ၊ GTHS နှင့် AGTI ဘွဲ့ရများ၊ ဆန်စက်များနှင့် ကုန်ထုတ်စက်ရုံများတွင် လက်ရှိ တာဝန်ထမ်းဆောင်နေသူများအား ဝင်ခွင့် အရည်အချင်း စစ်ဆေးသည့်စနစ် (Entry Interview) ဖြင့် သင်တန်းသား/သူများကို ရွေးချယ်လက်ခံမည်ဖြစ်ပါသည်။

**(၃) သင်တန်းကာလနှင့် သင်တန်းကြေး**

Certificate (LEVEL 1) အတွက် သင်တန်းကာလ (၃)လနှင့် Higher Certificate (Level 2) သင်တန်းအတွက် သင်တန်းကာလ (၄)လ ဖြစ်ပါသည်။ သင်တန်းပြီးဆုံးပါက ဆန်စက်များတွင် အလုပ်အကိုင်ရရှိနိုင်မည့် Fully Funded Internship Training ဖြစ်ပါသည်။ သင်တန်းကြေး အခမဲ့ ဖြစ်ပြီး၊ သင်တန်းကာလတွင် နေထိုင်စားသောက် စရိတ်ငြိမ်းဖြစ်ပါသည်။

**(၄) သင်ကြားမှုပုံစံနှင့် အသိအမှတ်ပြုလက်မှတ်**

စက်မှုနည်းပညာ လေ့ကျင့်သင်ကြားရေးသင်တန်းကျောင်းတွင် စာတွေ့သင်ကြားမှု၊ ဆန်စက်များနှင့်ဆန်စပါးလုပ်ငန်းဆိုင်ရာ စက်ရုံများတွင် လက်တွေ့သင်ကြားမှုဖြင့် သင်ကြားပို့ချမည် ဖြစ်ပါသည်။ သင်တန်းအား ရုံးဖွင့်ရက်များ၊ အလုပ်ဖွင့်ရက်များတွင် ရုံးချိန်/ အလုပ်ချိန်အတွင်း သတ်မှတ်ထားသည့် သင်တန်းအချိန်များ၊ လက်တွေ့ပါဝင်လုပ်ဆောင်မှုများတွင် အချိန်ပြည့် ပါဝင်တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက သင်တန်းအလိုက် အသိအမှတ်ပြု Certificate နှင့် Higher Certificate တို့ကို စက်မှုနည်းပညာ လေ့ကျင့်သင်ကြားရေးသင်တန်းကျောင်းနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့မှ ထုတ်ပေးမည် ဖြစ်ပါသည်။

**(၅) လျှောက်ထားရမည့်အစီအစဉ်**

လျှောက်ထားလိုသူများသည် (၄-၅-၂၀၂၆) ရက်မှ (၂၂-၅-၂၀၂၆) ရက်အတွင်း အောက်ပါ အချက်အလက်များ နှင့်အတူ ပူးတွဲတင်ပြ လျှောက်ထားရမည်-

(က) ဖြည့်စွက်ရမည့် လျှောက်လွှာပုံစံ (လျှောက်လွှာပုံစံကို www.myanmarricefederation.org တွင် Download ရယူနိုင်ပါသည်)

(ခ) နိုင်ငံသားစိစစ်ရေးကတ် မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်း မိတ္တူ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ နေထိုင်ကြောင်း ထောက်ခံစာ (မူရင်း)၊ သက်ဆိုင်ရာ နယ်မြေရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာ (မူရင်း)

(ဂ) ပညာသင်ယူမှု အထောက်အထား စာရွက်စာတမ်းများ (မိတ္တူများ)

(ဃ) လက်ရှိ ကုမ္ပဏီ/ စက်ရုံ/ ဆန်စက်ဝန်ထမ်း ဖြစ်ပါက သက်ဆိုင်ရာ လုပ်ငန်းရှင်၏ ထောက်ခံစာ(မူရင်း)

**စုံစမ်းရန်**

သင်တန်းများနှင့် ပတ်သက်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါအတိုင်း စုံစမ်းမေးမြန်းနိုင်ပါသည်-

(က) စက်မှုနည်းပညာ လေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း (SITE) နတ်မောက်လမ်းသွယ် - (၁) ၊ ဗိုလ်ချို-(၂) ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၂၆၈၂၃၇၅၂

(ခ) မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) အခန်း(၉၀၁-၉၀၃) ၊ (UMFCCI Tower)၊ အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁- ၂၁၈၂၆၆-၆၈၊ ၀၁ -၂၃၀၁၁၂၈-၂၉၊ ၀၉-၆၉၈၁၀၉၈၅၅၀

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## သူနာပြုတက္ကသိုလ်၊ ရန်ကုန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သူနာပြုတက္ကသိုလ်၊ ရန်ကုန်တွင် (၂၀၂၆-၂၀၂၇) ခု ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေမှ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများ၊ အခြားရုံးသုံးပစ္စည်းများနှင့် Medical Book and Journal အတွက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တရားဝင်အသိအမှတ်ပြု လိုင်စင်ရကုမ္ပဏီများ၊လုပ်ငန်းရှင်များနှင့် အရောင်းဆိုင်များထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါစည်းကမ်းအသေးစိတ်ကို သူနာပြုတက္ကသိုလ်၊ ရန်ကုန်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက် - ၂၉-၄-၂၀၂၆

၄။ တင်ဒါပိတ်မည့်ရက်၊ အချိန် - ၂၀-၅-၂၀၂၆

၅။ တင်ဒါတင်သွင်းရမည့်နေရာ - ငွေစာရင်းဌာန သူနာပြုတက္ကသိုလ်၊ ရန်ကုန် (ပင်မ)

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီအဖွဲ့**
**သူနာပြုတက္ကသိုလ်၊ ရန်ကုန်**

## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## အခြေခံကျန်းမာရေးတက္ကသိုလ် (မကွေးမြို့)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)တွင် ၂၀၂၆ -၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများနှင့် အခြားရုံးသုံးပစ္စည်းများအား ဝယ်ယူလိုပါ၍ တရားဝင်အသိအမှတ်ပြု လိုင်စင်ရကုမ္ပဏီများ၊ အရောင်းဆိုင်များထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

၂။ ဝယ်ယူမည့်ပစ္စည်းများ

(၁) လျှပ်စစ်သုံးပစ္စည်းများ

(၂) ရုံးသုံးစက်ကိရိယာပစ္စည်းများ

(၃) ရုံးသုံးပရိဘောဂများ

(၄) အခြားရုံးသုံးပစ္စည်းများ

၃။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်နေရာ -အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)

အိတ်ဖွင့်တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် - ၂၉-၄-၂၀၂၆ ရက်

အိတ်ဖွင့်တင်ဒါပုံစံ ပိတ်မည့်ရက်နှင့်အချိန် - ၁၃-၅-၂၀၂၆ ရက်နေ့ ၁၆:၃၀ နာရီ

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၉-၄၂၉၂၂၈၉၉၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ ကွင်းအမှတ်(၁၀၃၉-A)၊ သဖန်းပင်ကွင်း၊ လှည်းကူး-ဖောင်ကြီးလမ်း၊ ဦးပိုင်အမှတ်(၃၆+၃၇) အတွင်းမှ အရှေ့အရပ်-ဦးညီမိုးနေအိမ်၊ အနောက်အရပ်-ဖောင်ကြီးလမ်း၊ တောင်အရပ်-ဦးအေးကျော်နေအိမ်၊ မြောက်အရပ်-ဦးအုန်းမြင့်နေအိမ် စသည့်အလား (၄)ရပ်အတွင်းတည်ရှိသော ဧရိယာ(၄၀x၁၀၀)ပေရှိ မြေကွက်(၁)ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်ရပ်ရပ်တို့အား လက်ရှိထားပိုင်ဆိုင်သူဟု အဆိုပြုဝန်ခံသည့် ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ (၅၅)လမ်း၊ အမှတ်(မ-၃၇)နေ ဒေါ်မြင့်မြင့်ရီ [၁၂/ပဇတ(နိုင်)၀၃၂၄၃၈]ထံမှ လွဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရဲမင်းသူ [၁၂/လကန(နိုင်)၂၁၆၃၁၀]၊ ဖောင်ကြီးလမ်း၊ သီတာအေးပိုင်း၊ အောင်မင်္ဂလာရပ်ကွက်၊ လှည်းကူးမြို့နေသူက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စအပေါ် ကန့်ကွက်လိုသူများရှိပါက ၎င်းမြေနှင့် စပ်လျဉ်း၍ ဆိုင်ရေးဆိုင်ခွင့်ရှိသည့် ပိုင်ဆိုင်မှုမှတ်တမ်းများ၊ စာချုပ်စာတမ်းများ စသည့်ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာစာပါရှိသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနေလင်းစိုး(LL .B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၂၉၂)**
**အမှတ်(၁၄၀)၊ အောင်သုခ(၃)လမ်း၊ မြို့မရပ်ကွက်၊ လှည်းကူးမြို့။**
**Ph: 09-421059497, 09-789200030**

**ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ နှင်းဆီ(၄)လမ်း၊ မြေကွက်အမှတ်(၆၇၂ ခ/၂)ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ)အနက်မှ တရားဝင်မခွဲစိတ်ရသေးသော (၁၀ ပေ x ၆၀ ပေ)+ မြေပို(၅)ပေ (မြေကွက်ကိုမျက်နှာမူလျှင်ညာဘက်)ရှိ အိမ်ခြံမြေနှင့်ပတ်သက်၍ အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာချက်”**

အထက်ဖော်ပြပါလိပ်စာရှိ အိမ်ခြံမြေသည် ဂရန်မူရင်း ဦးကျင်မောင် အမည်ဖြင့်တည်ရှိပြီး ၁။ ဦးပိုလျှံ(ခ)ဦးဖိုးလျှံ [၉/ညဥန(နိုင်)၁၈၇၅၀၆]၊ ၂။ ဒေါ်ဥမ္မာသန်း [၁၄/မအပ(နိုင်)၂၄၀၆၃၇]တို့မှ ဆက်စပ်စာချုပ်များဖြင့် တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်နိုင်ဝင်း [၅/ကလန(နိုင်)၀၄၀၃၂၄]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်နိုင်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ဝါဝါလွင် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၈၉)**
**အမှတ်(၄၀)၊ မာလာမြိုင်(၇)လမ်း၊ ၁၆-ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉-၄၅၂၄၂၄၈၂**

## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## အခြေခံကျန်းမာရေးတက္ကသိုလ် (မကွေးမြို့)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများအတွက် လုပ်ငန်းဆောင်ရွက်လိုသည့် တရားဝင်အသိအမှတ်ပြုလိုင်စင်ရကုမ္ပဏီနှင့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

၂။ ဆောင်ရွက်မည့်လုပ်ငန်းများ

(၁) ဘွဲ့နှင်းသဘင်ခန်းမ (၂၃၉'x၂၀၁'x၅၀')တွင် အမိုး၊ မျက်နှာကြက် ပြုပြင်ခြင်း

(၂) စာသင်ဆောင်ဝင်းအတွင်းလျှောက်လမ်းပြုပြင်ခြင်း(အမိုး၊ တိုင်၊ ဒိုင်း၊ ကြမ်းခင်း) (၁၀၃၆'x၁၂'၆"x၁၀')

(၃) အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)ရှိ ဝန်ထမ်းအိမ်ရာ ပျဉ်ထောင်အိမ်လုံးချင်း(၃)လုံး အကြီးစားမွမ်းမံခြင်း (၂၂'x၂၂'-၆") (၃)လုံး (ရေ၊ မီးအပါ)

(၄) အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)ရှိ ဝန်ထမ်းအိမ်ရာ (၂)ခန်းတွဲ (၃)လုံး အကြီးစားမွမ်းမံခြင်း (၂၈'x၂၄'x၁၄') (၃)လုံး (ရေ၊ မီးအပါ)

(၅) ၅-ခန်းတွဲ(ကျား/မ)အိမ်သာ(၂)လုံး ဆောက်လုပ်ခြင်း(၂၀'x၈'x၇') (၂)လုံး(ရေ၊ မိလ္လာ)

(၆) ကွင်းဆင်းဌာန(တောစိမ့်)ရှိ ရုံးပင်မဆောင်နှင့် စာသင်ခန်းများ ပြုပြင်ခြင်း (၁၂၈'x၈၀') (မြို့ပြ၊ ရေသန့်၊ လျှပ်စစ်)

(၇) ကွင်းဆင်းဌာန(တောစိမ့်)ရှိ အရာရှိ(၂)ခန်းတွဲ ကထိကအိမ်ရာ (၂)လုံးပြုပြင်ခြင်း (၄၆'x၃၉')(မြို့ပြ၊ ရေသန့်၊ လျှပ်စစ်)

၃။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်နေရာ - အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)

အိတ်ဖွင့်တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် - ၂၉ - ၄ - ၂၀၂၆ ရက်

အိတ်ဖွင့်တင်ဒါပုံစံ ပိတ်မည့်ရက်နှင့်အချိန် - ၁၃ - ၅ - ၂၀၂၆ ရက်နေ့ ၁၆:၃၀ နာရီ

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း- ၀၉ - ၄၂၉၂၂၈၉၉၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)**

## အများသိစေရန် အသိပေးကြေညာခြင်း

ရှမ်းပြည်နယ်၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်၊ အနော်ရထာလမ်း အမှတ်(၂)ရပ်ကွက်နေ ကျွန်ုပ်၏အမှုသည် ဦးလှသန်း [၁၃/လလန(နိုင်)၀၁၇၃၄၅]၏ လွှဲအပ်ချက်အရ ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဦးလှသန်းသည် ဆရာကြီးဦးလှသန်း( ရှမ်းတောင်၊ နမ့်စန်) ကလောင်အမည်ဖြင့် သိမှတ်ဖွယ်ရာများစာအုပ်ကို ရန်ကုန်မြို့ရှိ Wisdom House စာအုပ်တိုက်က ၂၀၂၆ ခုနှစ် မတ်လမှစ၍ ထုတ်ဝေဖြန့်ချိခဲ့ပါသည်။

ကျွန်ုပ်၏အမှုသည် တစ်ဦးတည်းကသာ အထက်ပါစာအုပ်ကို ရေးသားခဲ့သည့် မူလလက်ရာရှင်ဖြစ်၍ စာအုပ်၏ တရားဝင်မူပိုင်ခွင့်သည် ကျွန်ုပ်အမှုသည်ထံတွင်သာ ရှိပါသည်။

သို့ပါ၍ အဆိုပါစာအုပ်ကို တစ်အုပ်လုံးဖြစ်စေ၊ တစ်စိတ်ဒေသဖြစ်စေ မိတ္တူကူးယူရောင်းချခြင်း၊ မီဒီယာများပေါ်တွင် (book) ပြုလုပ်ရောင်းချခြင်း၊ You Tube Channel, Face book အစရှိသည်တို့တွင် အသံစာအုပ်ဖြင့် ထုတ်လွှင့်ခြင်းတို့ကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုထားခြင်း လုံးဝမရှိပါကြောင်းနှင့် မမှန်ကန်သောနည်းလမ်းဖြင့် စီးပွားဖြစ် မည်သူမျှလုပ်ကိုင်ခြင်းမပြုပါရန် ကန့်ကွက်တားမြစ်ပါသည်။

အကယ်၍ ကျွန်ုပ်အမှုသည်၏ ခွင့်ပြုချက်မရှိဘဲ တစ်နည်းနည်းဖြင့် ချိုးဖောက်ခဲ့ပါက မည်သူ့ကိုမဆို ဥပဒေအရ တရားစွဲဆို အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရီရီမေ B.A(LAW), LL.B**
**တရားလွှတ်တော်ရှေ့နေ စဉ်-၃၀၁၄ (၁၇-၁-၁၉၈၅)**
**(၈၃/၁၄)ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## ပဲခူးခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် -၂၂

| | | |
|---|---|---|
| ဒေါ်သင်ဇာမိုး | နှင့် | ဦးဝင်းကျော် |
| **တရားလို** | | **တရားပြိုင်** |

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ မဟာစေတီဘုရားအနောက်၊ မဇင်းတိုးချဲ့(၁)ရပ်ကွက်၊ (၅)လမ်း၊ အမှတ်(၃၁၀၂)နေ တရားပြိုင် ဦးဝင်းကျော် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်သင်ဇာမိုးက အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှုနှင့် ပစ္စည်းခွဲဝေပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀ ၂၆ ခုနှစ်၊ မေလ ၁၄ ရက် (၁၃၈၈ ခုနှစ်၊ ကဆုန်လဆုတ် ၁၄ ရက်) နေ့ မွန်းမတည့်မီ ၁၀:၀၀ နာရီ အချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အေးအေးခိုင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ပဲခူးခရိုင်တရားရုံး**

## ပြင်ဆင်ဖတ်ရှုရန်

(၂၁-၄-၂၀၂၆) ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၃၁)ပါ အထက်တန်းရှေ့နေ ဦးသက်နိုင်ဦး၏ ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်းကြော်ငြာတွင် အမှတ် (၈၅)၊ ၃-လွှာ၊ (၉၄) လမ်းအစား၊ အမှတ် (၈၅)၊ ၃-လွှာ၊ (၉၁) လမ်းဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၃၄)၊ ဦးပိုင်အမှတ်(၆၈က+၆၉-ခ)၊ ၃၇x၃၈ လမ်းကြား၊ ၈၄x၈၅ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးကျော်ညွန့် [၉/မရတ(နိုင်)၀၆၄၅၅၂]၊ ဦးမောင်မောင်မြင့် [၉/မရတ(နိုင်)၀၆၄၅၅၁]၊ ဒေါ်ဝင်းရည် [၉/မရတ(နိုင်)၀၆၄၅၅၄]၊ ဒေါ်ခင်စန်းရည် [၉/မရတ(နိုင်)၀၆၄၅၅၃]တို့ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၄၀၂၂/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဦးမြတ်ကိုကိုခိုင် [၉/မရတ(နိုင်)၀၀၀၅၈၀၀]က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၄၅)၊ ဦးပိုင်အမှတ်(၄၁-စ) ခဲစင်းတောင်ခြမ်း၊ ၃၅x၃၆ လမ်းကြား၊ ၈၃x၈၄ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးမောင်မောင် [၉/မရတ(နိုင်)၀၅၉၉၈၉]ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၇၃၇/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်ဘိုဘိုမောင် [၉/မရတ(နိုင်)၁၂၆၈၈၂]က ဘိုးဘစာအုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၄၁)၊ ဧရိယာ(၀.၀၅၅၁)ဧက၊ ဦးပိုင်အမှတ်(၂၁)၊ ၄၁x၄၂ လမ်းကြား၊ ၅၂ လမ်းxပြင်ဦးလွင်မြို့ပတ်လမ်းကြားရှိ မြေကွက်အား ချထားပေးခြင်းခံရသူ ခင်ပွန်းတပ်သားလှသောင်း ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်ခင်ဝင်း [၁/မကန(နိုင်)၀၂၅၅၆၁]က ပိုင်ဆိုင်မှုစာရွက်စာတမ်းများမှာ လက်ဝယ်တွင်ပျောက်ဆုံးသွားပါသဖြင့် ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်သစ်၊ အမည်ပြောင်း လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ ရှခင်းသာလမ်းနှင့်သန္တာလမ်းပေါ်ရှိ MTH Residence (Tower-A)၊ ၆-လွှာ၊ အခန်းအမှတ် (၆၀၂)၊ အကျယ်အဝန်း (၄၈ပေ x ၃၅ပေ)၊ ၁၆၈၀-စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်း (၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဦးမျိုးသီဟ [၁၂/ရကန(နိုင်)၀၅၉၄၂၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ချစ်သက်ဝေ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်- ၃၁၀၇၈)**
**တိုက်- 5/B (304)၊ ရတနာမွန်အိမ်ရာ၊ (၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၈၃၂၃၁၇၅၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ရန်ကုန်-ညောင်တုန်းလမ်း၊ ကျန်စစ်မင်းအိမ်ရာ အပိုင်း(၁)၊ တိုက်အမှတ်(၉၃)၊ (၄)ခန်းတွဲ (၅)ထပ်တိုက်၏ မြေညီထပ်၊ အခန်းအမှတ် (၀၀၂)၊ ကြမ်းခင်းဧရိယာ ၄၀၀ စ/ပေ အကျယ်အဝန်းရှိ တိုက်ခန်း(၁)ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန၊ စုပေါင်းပိုင်အဆောက်အအုံတိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ်တွင် အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမိုးဇော်ဦး [၁၃/ကတန(နိုင်) ၀၀၈၁၆၇] က အပြီးအပိုင် လွှဲပြောင်းရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအောင်မင်းသန်း [၁၂/လသယ(နိုင်)၀၈၇၄၀၃]က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက (၇)ရက်အတွင်း ပိုင်ဆိုင်ခွင့်အထောက်အထားမူရင်းများယူဆောင်၍ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ချိုချိုခိုင်(LL.B)** — **တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၄၆၃)**
**ဦးကျော်လင်းလင်းထွဋ်(LL.B)** — **အထက်တန်းရှေ့နေ (စဉ်- ၅၆၃၅၄)**
**အမှတ်(B-40/9)၊ ရွှေကမ်းသာယာအိမ်ရာ၊ အနော်ရထာလမ်းမကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၂၁၉၉၄၃၀၄၊ ၀၉-၂၅၁၁၃၈၉၈၁**

## ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၁၁) ရပ်ကွက်၊ ဝါးတန်းလမ်း၊ အိမ်အမှတ် (၇၁)A (၈)လွှာဝဲခေါင်းရင်းခန်း၊ အကျယ်အဝန်း (၁၂ပေခွဲ x ပေ၅၀) တိုက်ခန်းရောင်းချခြင်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာချက်

၁။ အထက်ရည်ညွှန်းလိပ်စာဖော်ပြပါတိုက်ခန်းရောင်းချသူ ဒေါ်ခင်လှမြင့် နှင့် ဦးမျိုးဆက်ကျော်လွင်တို့သည် တိုက်ခန်းပိုင်ဆိုင်ကြောင်း စာချုပ်စာတမ်းမူရင်းနှင့် တိုက်ခန်းအရှုပ်အရှင်းကင်းရှင်းကြောင်း တာဝန်ယူလျက် ကျွန်တော်၏မိတ်ဆွေ ဒေါ်ကေသီအောင် [၁၂/လသန(နိုင်)၀၂၀၂၈၀]အား ရောင်းချမည်ဟု ကမ်းလှမ်းရာ ဝယ်သူကလည်း ဝယ်ယူရန်သဘောတူပါသဖြင့် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

၂။ တိုက်ခန်းရောင်းဝယ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက သတင်းစာကြော်ငြာပါရှိသည့်နေ့မှ စ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တိုက်ခန်းပိုင်ဆိုင်မှုမူရင်း ဆက်စပ်စာချုပ်မူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေအတိုင်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးချစ် LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၈၄၅)**
**အမှတ် (၃၁)၊ မြေညီထပ်၊ (၉)လမ်း (၄) ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ၀၉- ၇၇၂၆၅၂၄၁၄**

## လင်မယားအဖြစ် ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဟန်ဆက်နောင် [၁၄/ဖပန(နိုင်)၁၃၈၉၀၂] နှင့် ဒေါ်ယမင်းသီရိခေတ် [၇/ရတန(နိုင်) ၁၀၄၈၆၉]တို့သည် (၂၀၁၅) ခုနှစ်ကတည်းက တရားဝင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းနေထိုင်ခဲ့ပါသည်။ ယခုအခါ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းမတိုက်ဆိုင်ပါသဖြင့် (၂၇-၄-၂၀၂၆)ရက်စွဲပါ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ကို ချုပ်ဆိုပြီး ကွာရှင်းခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေ ဦးဟန်ဆက်နောင်နှင့် ဒေါ်ယမင်းသီရိခေတ်တို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှပတ်သက်ဆက်နွယ်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချယ်ရီအောင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၅၂၉၂)**
**အင်းစိန်စုပေါင်းဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ၀၉- ၆၅၁၆၅၉၉၆၂**

## "အများသိစေရန်ကြော်ငြာ"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေရင်အေးကျောင်းလမ်း၊ အမှတ် (၁၇)တွင် နေထိုင်သူ ဦးသိန်းနိုင် [၁၄/မအပ(နိုင်)၁၄၂၈၇၁] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်—

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၉)၊ မြေကွက်အမှတ် (၁၇)၊ မွေးမြူရေးဇုန်၊ လှိုင်သာယာ၊ မြေဧရိယာ (၀.၉၁၈)ဧကနှင့် ဆက်နွယ်သော ဥပဒေနှင့်ပတ်သက်သည့် ကိစ္စအဝဝကို ရှင်းလင်းဆောင်ရွက်နိုင်ရန် မူလအမည်ပေါက်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသိန်းနိုင် [၁၄/မအပ(နိုင်)၁၄၂၈၇၁]က ဝယ်ယူပြီး အမည်ပေါက် လွှဲပြောင်းဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးသိန်းနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ .**
**ထွန်းသိန်း LL.B, E.T.E.C (E.P)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၇၈၉/၉၁)**
**တိုက်အမှတ် (၉/၁၁)၊ အခန်း (၃၀၃)၊ (တတိယထပ်)၊ (၃၆) လမ်းတို(အောက်)၊ ကျောက်တံတားမြို့နယ်၊ ဖုန်း- ၀၉-၅၁၇၆၈၇၃**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး
## မွန်ပြည်နယ်-မော်လမြိုင်မြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ဘဏ္ဍာငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ(BE)ဖြင့် လျှပ်စစ် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မွန်ပြည်နယ်အတွင်း ဓာတ်အား စနစ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ အစားထိုး/တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည့် မြို့ပြနှင့် လျှပ်စစ်တင်ဒါလုပ်ငန်း (Lot ၄၄ ခု) နှင့် ပစ္စည်းဝယ်ယူရေးလုပ်ငန်း( Lot ၄ ခု) အတွက် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် | - | (၄-၅-၂၀၂၆)ရက်မှ (၁၇-၅-၂၀၂၆)ရက်အထိ- |
| | တင်ဒါတင်သွင်းရမည့်ရက် | - | (၁၈-၅-၂၀၂၆)ရက်မှ (၁၉-၅-၂၀၂၆)ရက် အထိ (၁၀:၀၀နာရီမှ ၁၆:၀၀နာရီအထိ) |
| | တင်ဒါလျှောက်လွှာ ဝယ်ယူ/တင်သွင်း ရမည့်နေရာ | - | မွန်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၊ မော်လမြိုင်မြို့ |

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်သိရှိလိုသည်များအား ရုံးချိန်အတွင်း လူကိုယ်တိုင်သော်လည်းကောင်း၊ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့လည်းကောင်း တိုက်ရိုက်စုံစမ်းမေးမြန်းနိုင်ပါသည်-

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
မွန်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး
မော်လမြိုင်မြို့
ဖုန်း-၀၉-၄၂၈၇၂၅၅၇၂၊ ၀၉-၄၅၅၄၅၄၄၂၂၊ ၀၉-၄၄၈၇၇၆၃၁၁

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ကျားကွက်သစ်လမ်း၊ အမှတ်(၉)မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၈)ထပ်တိုက်၏ (အလျား ၁၈ ပေxအနံ ၆၀ပေ)ရှိ ဆဋ္ဌမထပ်၊ ၇-လွှာ/A (ခေါင်းရင်းအခန်း)တိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့် အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

အထက်တွင် အသေးစိတ်ဖော်ပြထားသော တိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်တို့အား **ဦးကျော်ညွန့် [၁၂/ပဇတ(နိုင်)၀၁၁၁၃၇]**ထံမှ အရပ်စာချုပ်မူရင်းအဆက်ဆက်တို့နှင့်တကွ အဆင့်ဆင့်ဝယ်ယူလက်ရောက်ပိုင်ဆိုင်သောတိုက်ခန်းဖြစ်ကြောင်း **ဒေါ်မေသူဝင်း [၁၂/မဂတ (နိုင်)၀၉၇၆၉၉]**က ဝန်ခံကတိပြုသည့်အပြင် တိုက်ခန်းစီမံခန့်ခွဲပိုင်ခွင့်၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံပြောဆို၍ တိုက်ခန်းအား ရောင်းချလိုကြောင်း ကမ်းလှမ်းပြောဆိုလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းရောင်းကြေးတန်ဖိုး၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဆဋ္ဌမထပ် [၇-လွှာ/A (ခေါင်းရင်းခြမ်း)]တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း) အပြည့်အစုံနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါ သည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးမျိုးသန်း [၁၂/ဒဂတ (နိုင်) ၀၇၁၁၅၂]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးသိန်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၄၀၉/၁၉)**
**အမှတ်(၄၄၇/က)၊ အောင်သပြေ(၂)လမ်း၊ (၈၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၀၄၉၃၈၀၊ ၀၉-၇၉၅၃၃၅၂၇၅**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၉)ရပ်ကွက်၊ (၄၆) လမ်း 45Complex Condo၊ တိုက်(C/705)နေထိုင်သူ ဒေါ်မေမေကွန့် [၁၂/ဗတထ (နိုင်) ၀၄၉၉၁၀] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ကျီစုအရှေ့ရွာ၊ ယုဇနလမ်း၊ အကျယ်အဝန်း (၄၀x၁၁၀)ပေရှိ မြေကွက်ကို ဦးသန်းထွန်း [၁၂/ဒပန(နိုင်)၀၄၅၈၆၃]မှ ၎င်းပိုင်ဆိုင်သည့်ရွာမြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမို့မို့အောင် (LL.B, D.B.L)**
**အထက်တန်းရှေ့နေ (စဉ်- ၃၄၃၉၀/၁၀) (၂၄-၉-၂၀၁၀)**
**တိုက်(၂၈၇)၊(အခန်း၄)၊ ကျောင်းလမ်း၊ (၂၅)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်။ ဖုန်း-၀၉-၄၂၅၃၁၁၇၁၂၊ ၀၉-၄၄၇၆၅၈၇၀၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၆/အနောက်၊ မြေကွက်အမှတ်- ၆၇၉/ခ၊ ဧရိယာ (၂၀ပေx ၆၀ပေ)၊ မြေကွက်တည်နေရာအမှတ်-(၆၇၉/ခ)၊ ဝေဇယန္တာ (၁၅)လမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးစောလှိုင် (MGE- ၀၃၀၆၆၄)အမည်ပေါက်၊ နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးစောလှိုင်(ဖခင်/ ယောက္ခထီး)နှင့် ဒေါ်စောတင့်(မိခင်/ယောက္ခမ) တို့ကွယ်လွန်၊ ၎င်းတို့၏သားသမီး(၃)ဦးအနက် သမီးတစ်ဦးဖြစ်သူ ဒေါ်စိန်ဝိုင်း(ဇနီး)ကွယ်လွန်သဖြင့် ခင်ပွန်းဖြစ်သူ ဦးသုစိန် [၁၂/သကတ (နိုင်)၀၉၂၃၁၅]မှ အမည်ပေါက်၏ ကျန်သားသမီးများဖြစ်သော ဒေါ်စန်းဌေးဝင်း [၁၂/သကတ(နိုင်) ၀၉၆၅၁၆]၊ ဒေါ်လှလှဌေး [၁၂/မဂတ (နိုင်)၀၁၉၀၂၉]ပူးတွဲ၍ မိမိတို့သာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြပါကြောင်း ကျိန်ဆိုထားသည့်တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဦးစောလှိုင်၏ သေဆုံးမှုလက်မှတ်၊ ဒေါ်စိန်ဝိုင်း၏ သေဆုံးမှုလက်မှတ်ပထမမိတ္တူမှန်၊ ဒေါ်စောတင့်၏ သေစာရင်းတောင်းခံခြင်းနှင့်ပတ်သက်၍ ရှာဖွေမတွေ့ရှိပါသဖြင့် ထုတ်ပေးခြင်း မပြုနိုင်ကြောင်း တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှ (၁၅-၁-၂၀၂၆)ရက်စွဲပါ ပြန်ကြားစာ၊ ဒေါ်စောတင့် သေဆုံးသည်မှာမှန်ကန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထောက်ခံချက်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှ စ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## Open Tender ခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းအမည် | အရေအတွက် | Lot အမှတ် |
|---|---|---|---|
| (က) | ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်ဆိပ်ကမ်း၊ ပိုလန်ဇောတံတားရှိ ၁၂၀' x ၂၀' အရွယ် ဆိပ်ခံဇောအား ပြုပြင်ခြင်းလုပ်ငန်း။ | ၁ | Lot(8) |
| ( ခ ) | တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ဆိပ်ကမ်း၊ ဆိပ်ငယ်(အောက်) ဆိပ်ခံဇောတံတားတွင် လက်ရှိတပ်ဆင်ထားသော ၁၂၀' x ၂၀' အရွယ် သံမဏိဆိပ်ခံဇောအမှတ်(၄)အား အကြီးစားပြုပြင်ခြင်း လုပ်ငန်း။ | ၁ | Lot(9) |

| | | | |
|---|---|---|---|
| ၃။ | **တင်ဒါပုံစံဝယ်ယူနိုင်သည့် နေ့ရက်နှင့်အချိန်** | - | ၄-၅-၂၀၂၆ ရက်နေ့မှ ၁၅-၅-၂၀၂၆ ရက်နေ့အထိ (ရုံးချိန်အတွင်း) |
| ၄။ | **တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** | - | ၂၁-၅-၂၀၂၆ (ကြာသပတေးနေ့)၊ ၁၃:၀၀ နာရီ |
| ၅။ | **အမှတ်စဉ်- ၂(က) တင်ဒါပုံစံ ရောင်းချမည့်နေရာ** | - | ပုသိမ်ဆိပ်ကမ်းရုံး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ပုသိမ်မြို့ |
| | **အမှတ်စဉ်- ၂(ခ) တင်ဒါပုံစံ ရောင်းချမည့်နေရာ** | - | မြိတ်ဆိပ်ကမ်းရုံး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ မြိတ်မြို့ |

၆။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ပုသိမ်ဆိပ်ကမ်းရုံးအတွက် ဖုန်း၊ ၀၉-၂၅၄၄၃၄၂၀၀၊ ၀၉-၂၅၂၀၄၅၅၂၅ သို့လည်းကောင်း၊ မြိတ်ဆိပ်ကမ်းရုံးအတွက် ဖုန်း၊ ၀၉-၂၅၄၀၁၇၄၂၁၊ ၀၉-၄၂၁၉၆၅၈၄၇ သို့လည်းကောင်း ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## Open Tender ခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းအမည် | အရေအတွက် | Lot အမှတ် |
|---|---|---|---|
| (က) | ဆူးလေဆိပ်ကမ်းတံတားဝင်းအတွင်းရှိ ဆိပ်ခံတံတားအမှတ် (၂၊ ၃)၏ ဘေးကာခံတိုး (Concrete Coping)များ ပြုပြင်ခြင်းနှင့် ဆိပ်ခံတံတား၏ Aponများအား ကတ္တရာကွန်ကရစ်(AC) ဖြင့် ပြုပြင်ခြင်း လုပ်ငန်း။ | ၁ | Lot(1) |
| ( ခ ) | ဆိပ်ကြီးမြစ်ကြောင်းထိန်းတံတိုင်း၏ ပျက်စီးနေသော သံကူကွန်ကရစ်မြစ်ကြောင်းထိန်းနံရံအလျား ၂၀၀' အား ပြန်လည်ပြုပြင် တည်ဆောက်ခြင်း လုပ်ငန်း။ | ၁ | Lot(2) |
| ( ဂ ) | ရန်ကုန်ဆိပ်ကမ်းနယ်မြေရှိ ၁၂၀'x၂၀' x ၆'-၆" အရွယ် ဆိပ်ခံဇော (၁)လုံးအား အကြီးစားပြုပြင်မွမ်းမံခြင်းလုပ်ငန်း။ | ၁ | Lot(3) |
| (ဃ) | ပန်းဆိုးတန်းဆိပ်ကမ်းနယ်မြေနှင့် ဗိုလ်တထောင်ဆိပ်ကမ်းနယ်မြေတို့ရှိ သံစည်ဖွဲ့ဆိပ်ခံဇောတံတားများတွင် တပ်ဆင်အသုံးပြုလျက်ရှိသည့် ၄၀' x ၁၀' x ၅' အရွယ် သံစည်ဇောများအနက် သံစည်ဇော (၅)လုံးအား အကြီးစားပြုပြင်မွမ်းမံခြင်းလုပ်ငန်း။ | ၁ | Lot(4) |
| ( င ) | မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ရုံးချုပ်၊ ဒုတိယထပ်ရှိ အခန်းအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင် သမိုင်းမှတ်တမ်း ပြခန်းအဖြစ် ပြုပြင်မွမ်းမံခြင်းလုပ်ငန်း။ | ၁ | Lot(5) |
| ( စ ) | နန်းသီတာဆိပ်ခံတံတားနှင့် ကျန်းမာရေးအမှတ်(၂) ဆိပ်ခံတံတား အကြားကမ်းပါးထိန်းနံရံအလျား ၂၀၀' တည်ဆောက်ခြင်းလုပ်ငန်း။ | ၁ | Lot(6) |
| (ဆ) | တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းဆိပ်ကမ်း၊ တော်ဝင် သံကူကွန်ကရစ်ဆိပ်ခံတံတား၏ တောင်ဘက်ကပ်လျက် မြေနေရာတွင် အပြည်ပြည်ဆိုင်ရာကမ်းရိုးတန်းဆိပ်ကမ်းသစ်တစ်ခု တည်ဆောက်ခြင်းလုပ်ငန်း။ (က) သံကူကွန်ကရစ်ဆိပ်ခံတံတား တစ်စင်းတည်ဆောက်ခြင်း။ | ၁ | Lot(7) |

| | | | |
|---|---|---|---|
| ၃။ | **အမှတ်စဉ်- ၂(က)မှ (စ)အထိ တင်ဒါပုံစံဝယ်ယူနိုင်သည့် နေ့ရက်နှင့် အချိန်** | - | ၄-၅-၂၀၂၆ ရက်နေ့မှ ၁၅-၅-၂၀၂၆ ရက်နေ့အထိ (ရုံးချိန်အတွင်း) |
| | **အမှတ်စဉ်- ၂(ဆ) တင်ဒါပုံစံဝယ်ယူနိုင်သည့် နေ့ရက်နှင့် အချိန်** | - | ၄-၅-၂၀၂၆ ရက်နေ့မှ ၂၉-၅-၂၀၂၆ ရက်နေ့အထိ (ရုံးချိန်အတွင်း) |
| ၄။ | **အမှတ်စဉ်- ၂(က)မှ (စ)အထိ တင်ဒါဖွင့်မည့် နေ့ရက်နှင့်အချိန်** | - | ၂၁-၅-၂၀၂၆ (ကြာသပတေးနေ့)၊ ၁၃:၀၀ နာရီ |
| | **အမှတ်စဉ်- ၂(ဆ) တင်ဒါဖွင့်မည့် နေ့ရက်နှင့်အချိန်** | - | ၄-၆-၂၀၂၆ (ကြာသပတေးနေ့)၊ ၁၃:၀၀ နာရီ |
| ၅။ | **တင်ဒါပုံစံရောင်းချ မည့်နေရာ** | - | အမှတ်-၁၀၊ ပန်းဆိုးတန်းလမ်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးချုပ်၊ တတိယထပ်၊ မြို့ပြအင်ဂျင်နီယာဌာန |

၆။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၉-၄၃၁၂၇၄၆၈၊ ၀၉- ၅၁၈၃၀၈၅၊ ၀၉- ၄၃၀၄၉၃၁၇၊ ၀၉-၂၅၇၄၀၆၀၇၁ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၁၀)ရပ်ကွက်၊ ရေစကြိုလမ်း၊ မြေကွက်အမှတ်(၃၃၈/က)၊ မြေတိုင်းအမှတ် (သကမ-၂) ဟုခေါ်တွင်သော ဦးရွှေတိုး အမည်ပေါက် မြေချပါမစ်မိတ္တူ ပေ(၁၀x၆၀)ရှိ အိမ်ခြံမြေကို တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်သိန်း [၁၂/အလန(နိုင်) ၀၁၅၄၆၃] ကိုင်ဆောင်သူမှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဦးဇာနည်ထွန်း[၁၂/လသယ(နိုင်) ၀၆၂၁၄၂]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇာနည်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးလွင်ထွေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၀၀၄၄)**
**အမှတ်- ၂၅၁/ခ၊ ပခုက္ကူလမ်း၊ (၁၀)ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်။ ၀၉-၆၉၀၅၁၂၅၈၈**

## ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၉) ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်-၂၉၊ Brilliance Mansion Condo ၏ တိုက်အမှတ်- R-7, အလွှာ- 05, အခန်းအမှတ်- 06, (၅၀၀.၉၅ စ/ပေ) အကျယ်ရှိ ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွအကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင် လက်ရှိ ပိုင်ဆိုင်သူ ဦးတင်အောင်မျိုး [၁၂/စခန(နိုင်)၀၂၀၁၀၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့်ယင်းကိစ္စနှင့် ပတ်သက် ၍ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်စောဦး တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၇၀၂)**
**Brilliance Mansion Condo, တိုက်- R-1, အခန်းအမှတ်- 01-06၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်အရိုးရောဂါအထူးကုဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်အရိုးရောဂါအထူးကုဆေးရုံကြီးအတွက် လိုအပ်သောဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲ၊ ဓာတ်မှန်၊ ဆေးရုံသုံးပစ္စည်းများ ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ (၂၉–၄–၂၀၂၆) ရက်နေ့မှ(၂၈–၅–၂၀၂၆)ရက်နေ့ (၁၆:၀၀)နာရီအတွင်း အိတ်ဖွင့်တင်ဒါ လာရောက်တင်သွင်းနိုင်ပါသည်။

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း(၀၉–၄၂၁၇၂၂၉၈၁၊ ၀၉– ၂၅၀၃၄၂၁၁၄) လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ရန်ကုန်အရိုးရောဂါအထူးကုဆေးရုံကြီး**

---

တရားမပုံစံအမှတ် ၁၃၄

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃)
## ကျောက်တံတားခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် – ၅၇

**ကွယ်လွန်သူ ဦးယူကန်ဟို (ခ) ဦးမောင်ဝင်း ကျန်ရစ်သည့်ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

**ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၂) ရပ်ကွက်၊ (၁၇)လမ်း၊ အမှတ် (၁၂၈/၁၈၀)၊ အခန်း (၅၀၉)/ ၆– လွှာ၌နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးယူကန်ဟို (ခ) ဦးမောင်ဝင်း**၏ ကျန်ရစ်သောပစ္စည်းများအပေါ် အမွေဆက်ခံခြင်းဥပဒေပုဒ်မ–၂၁၈ အရ အမွေထိန်းစာထုတ်ပေးပါရန် **၎င်း၏ တူများဖြစ်သူ (၁) ဦးစိန်မြင့်၊ (၂) ဦးစိန်အောင်**တို့က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ်၊ မေလ ၈ ရက် (၁၃၈၈ ခုနှစ်၊ ကဆုန်လဆုတ်လ ၈ ရက်) နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထို **ကွယ်လွန်သူ ဦးယူကန်ဟို (ခ) ဦးမောင်ဝင်း**၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါ အမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ဤအမှုကို ၂၀၂၆ ခုနှစ်၊ မေလ ၈ ရက် (၁၃၈၈ ခုနှစ်၊ ကဆုန်လဆုတ်လ ၈ ရက်) နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က **(၁) ဦးစိန်မြင့်၊ (၂) ဦးစိန်အောင်**တို့၏ လျှောက်လွှာအပေါ်၌ စစ်ဆေး ဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၈ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အမိန့်ဆင့်စာခလွတ်။

ငွေ ——————— ရရှိပြီး။

**(ဖြူဖြူဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ကျောက်တံတားခရိုင်တရားရုံး**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၀/သုဝဏ္ဏ(ဘုရားအနီး)၊ မြေကွက်အမှတ်(၂၆)၊ ဧရိယာ(၀.၁၂၅)ဧက၊ မြေကွက်တည်နေရာအမှတ်(၂၆)၊ ယုဇနလမ်း၊ ၃၀/သုဝဏ္ဏ(ဘုရားအနီး)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဦးမျိုးသန့် [၁၂/မဂဒ(နိုင်)၀၆၃၅၇၀]၊ ဦးနေစိုး [၁၂/ရကန(နိုင်)၀၄၈၆၃၇]၊ ဦးသန့်စင်[၇/ကတခ(နိုင်)၀၀၇၆၅၅]၊ ဒေါ်ခင်မျိုးတင့် [၁၂/လကန(နိုင်)၀၃၇၄၅၃]၊ ဒေါ်ဖြူဖြူသင်း[၁၂/ဒဂန(နိုင်)၀၀၀၉၀၀]၊ မသိမ့်သန္တာအောင်[၁၂/ဒဂမ(နိုင်)၀၄၇၄၇၉]၊ မရွှေရည်ဝတ်မှုန်[အသက်မပြည့်သေးသူ (ကိုယ်စား) သဘာဝအုပ်ထိန်းသူ မိခင်အရင်းဖြစ်သော ဒေါ်နွယ်နှောင်းဝင်း [၈/ပဖန(နိုင်)၀၀၀၄၉၆]မှ တာဝန်ယူလက်မှတ်ရေးထိုးသည်။] [၁၂/ဒဂန(နိုင်)၀၅၉၄၇၈]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးမျိုးသန့်၊ ဦးနေစိုး၊ ဦးသန့်စင်၊ ဒေါ်ခင်မျိုးတင့်၊ ဒေါ်ဖြူဖြူသင်း၊ မသိမ့်သန္တာအောင်၊ မရွှေရည်ဝတ်မှုန် [အသက်မပြည့်သေးသူ(ကိုယ်စား) သဘာဝအုပ်ထိန်းသူ မိခင်အရင်းဖြစ်သော ဒေါ်နွယ်နှောင်းဝင်းမှ တာဝန်ယူလက်မှတ် ရေးထိုးသည်] မြေကွက်ကို လျှောက်ထားသူ ဒေါ်နွယ်နှောင်းဝင်းမှ အရွယ်မရောက်သေးသူဖြစ်သော သမီးဖြစ်သူ မရွှေရည်ဝတ်မှုန်အား အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေပုဒ်မ–၇ အရ အရွယ်မရောက်သေးသူ၏ လူပုဂ္ဂိုလ်နှင့်ပစ္စည်းကို အုပ်ထိန်းရန် အုပ်ထိန်းခွင့်လက်မှတ် လျှောက်ထားလာသောအမှုဖြင့် သဃ်န်းကျွန်းရိုင်တရားရုံး၊ တရားမအထွေထွေလျှောက်ထားမှုအမှတ် (၁၀၈/၂၀၂၄) စီရင်ချက်အမိန့်၊ အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေပုဒ်မ–၂၉ အရ ရောင်းချခွင့်ပြုပါရန် လျှောက်ထားခြင်းခံရသူများ အက်ဥပဒေပုဒ်မ–၂၉ အရ သဃ်န်းကျွန်းခရိုင်တရားရုံး တရားမအထွေထွေမှုအမှတ်(၆၀/၂၀၂၅)ဖြင့် ရောင်းချရသည့်ငွေများထဲမှ အရွယ်မရောက်သေးသူ ရသင့်ရထိုက်သောဝေစုနှင့် ညီမျှသောငွေကို အရွယ်မရောက်သေးသူ၏ ပညာရေးဆိုင်ရာ ထိန်းသိမ်းရန်အတွက် လျှောက်ထားသူ ဒေါ်နွယ်နှောင်းဝင်းအား အရွယ်မရောက်သေးသူ မရွှေရည်ဝတ်မှုန်ကိုယ်စား အခြားပူးတွဲအမည်ပေါက်ပိုင်ဆိုင်သူများနှင့်အတူ လက်မှတ်ရေးထိုး ရောင်းချခွင့်ပြုကြောင်း အမိန့်ချမှတ်သည့်အမိန့်၊ အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူတို့ အက်ဥပဒေအရ အုပ်ထိန်းသူခန့်ထားသည့် သက်သေခံလက်မှတ်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်းတို့တင်ပြ၍ ဦးမျိုးသန့်၊ ဦးနေစိုး၊ ဦးသန့်စင်၊ ဒေါ်ခင်မျိုးတင့်၊ ဒေါ်ဖြူဖြူသင်း၊ မသိမ့်သန္တာအောင်၊ မရွှေရည်ဝတ်မှုန် [အသက်မပြည့်သေးသူ (ကိုယ်စား) သဘာဝအုပ်ထိန်းသူ မိခင်အရင်းဖြစ်သော ဒေါ်နွယ်နှောင်းဝင်းမှ တာဝန်ယူလက်မှတ်ရေးထိုးသည်]တို့မှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## မကွေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန
## တည်ဆောက်ရေးလုပ်ငန်းများနှင့် စက်ပစ္စည်းကိရိယာများ ဝယ်ယူရေးအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၆–၂၀၂၇ ခု ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ဆောင်ရွက်မည့်တည်ဆောက်ရေးလုပ်ငန်း ကျောက်စွယ်ကျိုးနယ်မြေမီးသတ်စခန်း RC(၂)ထပ် (၄၅x၅၀x၂၆)ပေ (ပြင်ပရေမီးပါ) (၁)လုံး၊ ဝါးကြီးအိုင်နယ်မြေမီးသတ်စခန်း RC(၂)ထပ်(၄၅ x ၅၀x၂၆)ပေ (ပြင်ပရေမီးပါ) (၁)လုံးနှင့် စက်နှင့်စက်ပစ္စည်းဝယ်ယူရေးလုပ်ငန်း Advanced Emergency Response System(COTP) (အဆင့်မြင့်အရေးပေါ်တုံ့ပြန်မှုစနစ်) (၁)ခုတို့အား မြန်မာကျပ်ငွေဖြင့် ကန့်သတ်မှုမရှိသော တင်ဒါ (အိတ်ဖွင့်တင်ဒါ)တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့် နေ့ရက်/အချိန် | – (၂၉–၄–၂၀၂၆)(ဗုဒ္ဓဟူးနေ့) (ရုံးချိန်အတွင်း) |
| ( ခ ) | တင်ဒါလျှောက်လွှာပုံစံ အရောင်းပိတ်မည့်နေ့နှင့် တင်ဒါလျှောက်လွှာပုံစံ နောက်ဆုံး ပေးသွင်းရမည့် နေ့ရက်/အချိန် | – (၁၂–၅–၂၀၂၆) (အင်္ဂါနေ့) (၁၆:၀၀) အချိန် |

၂။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း မကွေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး၊ ရုံးဖုန်းနံပါတ်(၀၆၃–၂၃၂၃၁၊ ၀၆၃–၂၈၆၈၆)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါဗဟိုကော်မတီ**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## သာကေတမြို့နယ်တရားရုံးတော်၌
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် –၃၁

ဒေါ်မြင့်မြင့်အေး **(တရားလို)** နှင့် ဦးအုံးမြင့် **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရာဇသူရ(၁၅/က)လမ်း၊ အမှတ်(၁၁၂၅)နေ တရားပြိုင် ဦးအုံးမြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မြင့်မြင့်အေးက ပဋိညာဉ်အတိုင်း အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၆ ခုနှစ်၊ မေလ (၁၁)ရက် (၁၃၈၈ ခုနှစ်၊ ကဆုန်လဆုတ် ၁၁ ရက်)နေ့ မွန်းမတည့် မီ (၁၀:၀၀) အချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေ တင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ခုနှစ်၊ ဧပြီလ (၂၈) ရက်နေ့တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ် လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇော်ကိုကို )**
**မြို့နယ်တရားသူကြီး**
**သာကေတမြို့နယ်တရားရုံး**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၊ မြေကွက်အမှတ်–၁၀၊ ဧရိယာ (၂၄၀၀)စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်(၁၀)၊ သရဖီလမ်း၊ ကာမာကဆစ်ရပ်ကွက်၊ ဒလမြို့နယ် [ဦးဖေတင်(ခ)အောင်ဖေတင်–၁၂/ဒလန(နိုင်)၀၀၃၂၃၉] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးဖေတင်(ခ)အောင်ဖေတင် (ဖခင်)၊ ဒေါ်ခင်လေးရွှေ(မိခင်)တို့ အသီးသီးကွယ်လွန်ကြသဖြင့် တရားဝင်အမွေဆက်ခံခွင့်ရှိသော သား/သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်များ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ၊ နှစ်(၆၀)ဂရန်မူရင်းနှင့် အိမ်ထောင်စုလူဦးရေစာရင်းတို့ တင်ပြ၍ ဦးစိုးပိုင်[၁၂/ဒလန(နိုင်)၀၄၄၂၇၅]၊ ဒေါ်ခင်မျိုးပိုင်[၁၂/ဒလန(နိုင်)၀၄၂၁၃၈]၊ ဒေါ်တင်ဇာစုပိုင် [၁၂/ဒလန(နိုင်)၀၄၈၂၉၉]တို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)(ကိုယ်စား)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၊ မြေကွက်အမှတ်–၉၁၃(ခ)၊ ဧရိယာ(၁၂၀၀)စတုရန်းပေ မြေကွက်တည်နေရာအမှတ်(၉၁၃/ခ)၊ ကျန်စစ်သား (၃)လမ်း၊ ကမာကသွယ်ရပ်ကွက်၊ ဒလမြို့နယ် [ဦးတင်ထွေး၊ (Q/RGN– ၀၀၉၁၆၇)] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးတင်ထွေး(ဖခင်)၊ ဒေါ်မာမာငွေး(မိခင်)တို့ အသီးသီးကွယ်လွန်ကြသဖြင့် တရားဝင်အမွေဆက်ခံခွင့်ရှိသော သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂) စောင်၊ သေဆုံးမှုလက်မှတ်များ၊ နှစ်(၆၀)ဂရန်မူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းတို့ တင်ပြ၍ ဒေါ်တင်တင်ထွေး [၁၂/ဒလန(နိုင်)၀၄၀၃၀၃]၊ ဒေါ်သက်သက်မော် [၁၂/ဒလန(နိုင်)၀၄၀၃၀၄]၊ ဒေါ်လေးလေးသူ [၁၂/ဒလန(နိုင်)၀၄၁၈၇၆]တို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)(ကိုယ်စား)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ယာဉ်ပျံဘူတာနယ်မြေတွင် Urban Development စီမံကိန်းဆောင်ရွက်ရန်အတွက် ရင်းနှီးတည်ဆောက်လုပ်ကိုင်လိုသူများသို့ စိတ်ပါဝင်စားမှုဖော်ပြချက် (Expression of Interest-EOI) အဆိုပြုလွှာများတင်ပြရန် ဖိတ်ခေါ်ခြင်း

၁။ မြန်မာ့မီးရထားသည် ရထားသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် ဆက်စပ်သည့် စီးပွားရေး လုပ်ငန်းများနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ ယာဉ်ပျံဘူတာယာဒ်ဝင်း အတွင်းရှိ မြေဧရိယာ ၇.၅၁၄၃ ဧကပေါ်တွင် မြို့ပြဖွံ့ဖြိုးတိုးတက်မှု (Urban Development) စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ဒီဇိုင်းရေးဆွဲခြင်း၊ တည်ဆောက်ခြင်း၊ ငွေကြေးရင်းနှီးမြှုပ်နှံခြင်း၊ လုပ်ငန်းလည်ပတ် လုပ်ကိုင်ဆောင်ရွက်ခြင်း တို့အတွက် ပြည်တွင်း/ ပြည်ပ ကုမ္ပဏီ အဖွဲ့အစည်းများသို့ BOT စနစ်ဖြင့် တင်ဒါခေါ်ယူ ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ရင်းနှီးတည်ဆောက်လုပ်ကိုင်လိုသည့် ပြည်တွင်း/ပြည်ပ ကုမ္ပဏီအဖွဲ့ အစည်းများအနေဖြင့် စိတ်ပါဝင်စားမှုဖော်ပြချက်(EOI) အဆိုပြုလွှာများ ပေးပို့ တင်ပြရန် ဖိတ်ခေါ် အပ်ပါသည်။

၂။ EOI အဆိုပြုလွှာပုံစံကို မြန်မာ့မီးရထား၊ အထွေထွေမန်နေဂျာ(အထက်မြန်မာပြည်)ရုံး၊ မန္တလေးဘူတာ၊(တတိယ)ထပ်တွင် ၂၉-၄-၂၀၂၆ မှ ၁၅ - ၅ - ၂၀၂၆ ရက်ထိ ရုံးချိန်အတွင်း အခမဲ့ ထုတ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စီးပွားရေးဌာန၊ မြန်မာ့မီးရထား(ရုံးချုပ်)၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်၊ ၀၉၈၉၁၇၅၀၁၃၄ သို့ ဖြစ်စေ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးနှင့် စိစစ်ရေးကော်မတီ
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၁/၂၀၂၆–၂၀၂၇)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်–

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | DMP/L–001(26–27)CAP | Tractor, Trailer & CNG Jumbo Tube (1) Lot | Ks |
| (၂) | DMP/L–002(26–27)CAP | SL–120 Single Purpose Swivel (1) Set | Ks |
| (၃) | DMP/L–003(26–27)CAP | YG–110 Travelling Block with Hook (2) Sets | Ks |
| (၄) | DMP/L–004(26–27)CAP | Spares for Drilling Strings and Accessories (1) Lot | Ks |
| (၅) | DMP/L–005(26–27)CAP | Assorted sizes of Hydraulic Hose for Disc Brake Units And Friction Disc (1) Lot | Ks |
| (၆) | DMP/L–006(26–27)CAP | 2900 Series Wellhead and Christmas Tree Equipment (2) Sets | Ks |
| (၇) | DMP/L–007(26–27)CAP | 1500 Series Wellhead and Christmas Tree Equipment (2) Sets | Ks |
| (၈) | DMP/L–008(26–27)CAP | Echometer Digital Well Analyzer Complete Set & Accessories (1) Set | Ks |
| (၉) | DMP/L–009(26–27)CAP | Set Up Gas Flow Meter Assembly for Each Gas Receiving Metering Station (11) Sets | Ks |
| (၁၀) | DMP/L–010(26–27)CAP | Set Up Gas Flow Meter Assembly for the Main CNG Gas Distribution Station (22) Sets | Ks |
| (၁၁) | DMP/L–011(26–27)CAP | Skid Mounted Mud Pump with Engine and Accessories | Ks |
| (၁၂) | DMP/L–012(26–27)CAP | Skid Mounted Water Transfer Pump with Engine and Motor (2) Items | Ks |
| (၁၃) | DMP/L–013(26–27)CAP | Spares for F–1600 Mud Pump Ex ZJ 70L Sr I & II Drilling Rigs (2) Groups | Ks |
| (၁၄) | DMP/L–014(26–27)CAP | Spares for 3NB 1300 C Mud Pump Ex ZJ 50D Sr II Drilling Rig (2) Groups | Ks |
| (၁၅) | DMP/L–015(26–27)CAP | Assorted Kinds of Shaker Screen for Shaker Unit Ex Drilling Rig (4) Groups | Ks |
| (၁၆) | DMP/L–016(26–27)CAP | Spares for SJS Serva Cementing Unit (2) Groups | Ks |
| (၁၇) | DMP/L–017(26–27)CAP | Spares for BJ Cementing Unit (4)Groups | Ks |
| (၁၈) | DMP/L–018(26–27)CAP | Spare Parts for GM 6V 53 & GM 6V 71 Engine, MT 653 & HT 750 DRD Allision Transmission and Kenworth Oil Field Truck (5) Groups | Ks |
| (၁၉) | DMP/L–019(26–27)CAP | Pig Launcher and Receiver (Complete Set) for 14” Natural Gas Pipeline (10)Set | Ks |
| (၂၀) | DMP/L–020(26–27)CAP | Spare Parts for Safe Compressor (MP,HP,LP) (3) Groups | Ks |
| (၂၁) | DMP/L–021(26–27)CAP | Spare Parts for Cat G–3508 and Cat G–3412 Gas Engine (2) Groups | Ks |
| (၂၂) | DMP/L–022(26–27)CAP | Spare Parts for Perkin Gas Engine (39) Items | Ks |
| (၂၃) | DMP/L–023(26–27)CAP | Hollow Cathode Lamps (HCL) for Atomic Absorbtion Spectrophotometer and Laboratory Equipment (2) Groups | Ks |
| (၂၄) | DMP/L–024(26–27)CAP | Electronic Flow Measurement System Revamping, Services And Spare Parts for Ywama Gas Distribution Station (1) Lot | Ks |
| (၂၅) | DMP/L–025(26–27)CAP | Electronic Flow Measurement System Revamping, Services And Spare Parts for 24” Pipe Line Center (Daw Nyein) (1) Lot | Ks |
| (၂၆) | DMP/L–026(26–27)CAP | Accessories for Communication and Information Technology (4) Groups | Ks |
| (၂၇) | DMP/L–027(26–27)CAP | License for MOGE’S Email System ,Support and Maintenance Devices (4) Groups | Ks |
| (၂၈) | DMP/L–028(26–27)CAP | Geology Workstation and Accessories (3) Items | Ks |
| (၂၉) | DMP/L–029(26–27)CAP | Seismic Data Interpretation Software (1) Lot | Ks |
| (၃၀) | DMP/L–030(26–27)CAP | Bridge Plug (2) Items | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို **၂၈–၄–၂၀၂၆ ရက်**နေ့မှစ၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ် (၄၄)၊ (ဘဏ္ဍာရေးဌာန) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် **(energy.gov.mm)** တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို **၁၅–၅–၂၀၂၆ ရက်နေ့(၁၃:၀၀)နာရီ**တွင် နောက်ဆုံးထား၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ ရတနာခန်းမ၊ နေပြည်တော်သို့**(လူကိုယ်တိုင်)** လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ဖုန်း–၀၆၇–၃၄၁၁၂၀၆**

- ❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
- ❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
- ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် ဧပြီ ၂၈

| | | | | |
|---|---|---|---|---|
| မင်းဘူး | ၄၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တောင်တွင်းကြီး | ၄၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တောင်ငူ | ၄၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၄၀ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၄၀ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |

# ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာနိုင်ငံသားများအနေဖြင့် ခွင့်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ရာတွင် ဆောင်ရွက်ရမည့်အချက်များ ထုတ်ပြန်ခြင်း

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်

၁။ ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာနိုင်ငံသားများအနေဖြင့် ခွင့်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ပြီး သက်ဆိုင်ရာနိုင်ငံများရှိ လုပ်ငန်းခွင်များသို့ ပြန်လည်ထွက်ခွာခွင့်ပြုပါရန် တရားဝင်ရုံးပိတ်ရက်မပါ ၅ ရက်ကြိုတင်၍ သတ်မှတ်ပုံစံ၊ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ လျှောက်ထားလာမှုများအား စိစစ်ပြီး ပြည်ပထွက်ခွာခွင့်များအား Safe Migration Telegram Channel တွင် နေ့စဉ်ထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာတွင် အချို့အလုပ်သမားအသစ်များသည် ဝန်ကြီးဌာနမှ သတ်မှတ်ထားသော စနစ်တကျ စုဆောင်းခြင်း၊ ပြည်ပသို့မထွက်ခွာမီ သင်တန်းတက်ရောက်ခြင်းနှင့် ဆေးစစ်ခံခြင်း လုပ်ငန်းစဉ်များကို ကျော်လွှားနိုင်ရန်အတွက် "ခွင့်ပြန်အလုပ်သမား"အဖြစ် အသွင်ဆောင်ကာ ခွင့်စာအတုများပြုလုပ်၍ ခွင့်ပြန်အလုပ်သမားများအတွက် သတ်မှတ်ထားသော လမ်းကြောင်းကို အလွဲသုံးစားပြု၍ တရားမဝင်ထွက်ခွာရန် ကြိုးစားခြင်းများ တွေ့ရှိရသဖြင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်စေရေးနှင့် လူကုန်ကူးခံရမှုအပါအဝင် မလိုလားအပ်သည့် အန္တရာယ်များ မဖြစ်ပွားစေရေး စနစ်တကျ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ☆

# လာမည့်ပညာသင်နှစ် အကယ်ဒမီကျောင်းများအတွက် နောက်ဆုံးအဆင့်လူရွေးပွဲများ ပြုလုပ်မည်

ရန်ကုန် ဧပြီ ၂၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လာမည့်ပညာသင်နှစ် အကယ်ဒမီကျောင်းများအတွက် နောက်ဆုံးအဆင့်လူရွေးပွဲများကို မေလအတွင်း ပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်)နှင့် မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး) တို့တွင် သင်ကြားခွင့်ရမည့် အမျိုးသား ကစားသမားများအတွက် နောက်ဆုံးအဆင့် လူရွေးပွဲများကို ရန်ကုန်နှင့် မန္တလေး၌ နှစ်နေရာခွဲ၍ ပြုလုပ်မည်ဖြစ်သည်။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❖



# မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းအတွက် သုံးနိုင်ငံ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ကျင်းပမည်



ရန်ကုန် ဧပြီ ၂၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းအတွက် သုံးနိုင်ငံ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ကျင်းပမည်ဖြစ်ပြီး ဇွန်လဆန်းပိုင်းတွင် ရန်ကုန်မြို့၌ ပြုလုပ်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို ဇွန် ၁ ရက်မှ ၇ ရက်အထိ သုဝဏ္ဏကွင်း၌ကျင်းပရန် စီစဉ်ထားပြီး အိမ်ရှင်မြန်မာအသင်းအပါအဝင် ထိုင်း၊ စင်ကာပူအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကို သုံးသင်းပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး အမှတ်အများဆုံးအသင်း ဖိုလ်စွဲမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ပြင်ဆင်မှုဖြစ်စေရန် ယခုပြိုင်ပွဲ ကျင်းပပေးခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကို

စာမျက်နှာ ၁၇ ကော်လံ ၃ သို့ ✳

# အိမ်ကွင်းအိုးထရက်ဖို့ဒ်၌ မန်ယူအသင်းက ဘရန်းဖို့ဒ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရ

မန်ယူအသင်းနဲ့ ဘရန်းဖို့ဒ်အသင်းတို့ ဧပြီ ၂၈ ရက်နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ မန်ယူအသင်းက အိမ်ကွင်း အိုးထရက်ဖို့ဒ်၌ ဘရန်းဖို့ဒ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ မန်ယူအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်း ပွဲကစားချိန် ၁၁ မိနစ်မှာ ကတ်စမဲရိုးကတစ်ဂိုး၊ ၄၃ မိနစ်မှာ ဘင်ဂျမင်ဆက်ကိုက တစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပြီး ဘရန်းဖို့ဒ်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကိုတော့ ဒုတိယပိုင်းပွဲကစားချိန် ၈၇ မိနစ်မှာ ဂျန်ဆင်က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ မန်ယူအသင်းအတွက် ဘင်ဂျမင်ဆက်ကို သွင်းယူပေးခဲ့တဲ့ သွင်းဂိုးကို ဖန်တီးပေးခဲ့တဲ့ ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်ကတော့ ယခုဘောလုံးရာသီမှာ ဂိုးဖန်တီးမှုအကြိမ်ရေ ၁၉ ကြိမ်အထိရှိလာခဲ့ပြီး ကတ်စမဲရိုးကလည်း အိုးထရက်ဖို့ဒ်မှာ သုံးပွဲဆက် ဂိုးသွင်းယူနိုင်ခဲ့ပြီလည်း ဖြစ်ပါတယ်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ○



မန်ယူအသင်းနှင့် ဘရန်းဖို့ဒ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ယနေ့ ဖတ်စရာ

တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

စာမျက်နှာ » ၁၃

အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၄ ဦး မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

စာမျက်နှာ » ၁၄